# စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ

**(၂၀၁၈ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၆ ။)**

**၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်**

**(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်)**

နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေး ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ (က) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့် နေ့ရက်မှစတင်၍ စစ်ကိုင်းတိုင်းဒေသကြီး တစ်ဝန်းလုံးတွင်အာဏာတည်စေရမည်။

(ခ) ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(၁) **တိုင်းဒေသကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးကို ဆိုသည်၊

(၂) **အစိုးရအဖွဲ့** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ကို ဆိုသည်၊

(၃) **ဝန်ကြီးချုပ်** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ကို ဆိုသည်၊

(၄) **ဝန်ကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဝန်ကြီးကို ဆိုသည်၊

(၅) **စည်ပင်သာယာနယ်နိမိတ်** ဆိုသည်မှာ ဤဥပဒေအရ မြို့နယ်တစ်ခုကိုဖြစ်စေ၊ မြို့တစ်မြို့ကို ဖြစ်စေ နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသော မြို့နယ်နှင့် မြို့များကို စုစည်း၍ဖြစ်စေ၊ မြို့အသွင်ဖွံ့ဖြိုး တိုးတက်နေသော ကျေးရွာများကိုဖြစ်စေ၊ မြို့နှင့် ကျေးရွာများကို ပူးပေါင်း၍ဖြစ်စေ အစိုးရက စည်ပင်သာယာ နယ်နိမိတ်အဖြစ် ပိုင်းခြားသတ်မှတ်ပေးသော နယ်မြေ အဝန်းအဝိုင်းကိုဆိုသည်။

(၆) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့်ကို ဆိုသည်၊

(၇) **တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့** ဆိုသည်မှာ တိုင်းဒေသကြီးအမှုဆောင်အရာရှိ ဦးဆောင်သည့် အရာထမ်း၊ အမှုထမ်းများပါဝင်သော အဖွဲ့ကို ဆိုသည်၊

(၈) **တိုင်းဒေသကြီးအမှုဆောင်အရာရှိ** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံး ဝန်ထမ်းအကြီးအမှူးကို ဆိုသည်၊

Myanmar Law Information System (MLIS)

(၉) **စည်ပင်သာယာရေးအဖွဲ့** ဆိုသည်မှာ စည်ပင်သာယာရေး လုပ်ငန်းများ ဆောင်ရွက်ရန် ဖွဲ့စည်းထားသော စည်ပင်သာယာရေးဝန်ထမ်းအဖွဲ့ကို ဆိုသည်၊

(၁၀) **မြို့နယ်အမှုဆောင်အရာရှိ** ဆိုသည်မှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ဝန်ထမ်းအကြီးအမှူးကို ဆိုသည်၊

(၁၁) **တာဝန်ခံအင်ဂျင်နီယာ** ဆိုသည်မှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အင်ဂျင်နီယာဝန်ထမ်း အကြီးအမှူးကို ဆိုသည်၊

(၁၂) **ကြော်ငြာ** ဆိုသည်မှာ အကြောင်းကိစ္စတစ်ခုကို အများပြည်သူ သိရှိနားလည်စေရန် ပြုလုပ်ပေးခြင်းကို ဆိုသည်၊

(၁၃) **အခွန်** ဆိုသည်မှာ ဤဥပဒေအရ စည်းကြပ်သည့် အခွန်ကိုဆိုသည်၊ ယင်းစကားရပ်တွင် အခွန်၊ အခ၊ အကောက်နှင့် ဒဏ်ကြေးများလည်း ပါဝင်သည်၊

(၁၄) **အနေးယာဉ်** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းအလို့ငှာ ခရီးသည်ကိုဖြစ်စေ၊ ကုန်ပစ္စည်းကိုဖြစ်စေ သယ်ယူပို့ဆောင်ရန် လူအင်အား သို့မဟုတ် တိရစ္ဆာန် အင်အားကို အသုံးပြုသော ဘီးတပ်ယာဉ်ကို ဆိုသည်၊

(၁၅) **အနေးယာဉ်မောင်းနှင်သူ** ဆိုသည်မှာ အနေးယာဉ်ကို နင်းသူ၊ တွန်းသူ၊ ဆွဲသူ၊ မောင်းသူတို့ကို ဆိုသည်၊

(၁၆) **အငှားစက်တပ်ယာဉ်ငယ်** ဆိုသည်မှာ ပြည်ထောင်စုအစိုးရဝန်ကြီးဌာန တစ်ခုခု၊ အစိုးရအဖွဲ့အစည်းတစ်ခုခုမှ စက်တပ်ယာဉ်ငယ်အဖြစ် မှတ်ပုံတင်၍ ခရီးသည်၊ ကုန်ပစ္စည်းတို့ကို အခကြေးငွေယူ၍ မြို့နယ်တစ်ခုအတွင်း ပြေးဆွဲနေသော စက်တပ်ယာဉ်ငယ်ကို ဆိုသည်။ အဆိုပါစကားရပ်တွင် လျှပ်စစ် စက်ဘီး၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ် တို့ပါဝင်သည်၊

(၁၇) **အငှားစက်တပ်ယာဉ်ငယ်မောင်းနှင်သူ** ဆိုသည်မှာ ပုဒ်မ ၂၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁၆) ပါ ယာဉ်များအား မောင်းနှင်သူကို ဆိုသည်၊

(၁၈) **ကူးတို့လုပ်ငန်း** ဆိုသည်မှာ မြစ်၊ ချောင်း၊ အင်း၊ အိုင် သို့မဟုတ် ဆည်နှင့် ဆက်စပ်နေသည့် အင်းအိုင်များတွင် ကန့်လန့်ဖြစ်စေ၊ အလျားလိုက်ဖြစ်စေ ခရီးသည်၊ ကုန်ပစ္စည်း၊ တိရစ္ဆာန်၊ ယာဉ်များကို အခကြေးငွေယူ၍ လှေ၊ သမ္ဗန်၊ စက်တပ်ရေယာဉ်၊ သင်္ဘောစသည်တို့ဖြင့် အများပြည်သူဆိုင်ရာ သယ်ယူပို့ဆောင်သည့် ကူးတို့လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကော်မတီက ကြီးကြပ်ခွင့် ရှိသည့် ကူးတို့၊ တံတား၊ ကူးတို့ ဆိပ်ခံ၊ ကူးတို့ဆိပ်နှင့်ဖောင်တို့လည်း ပါဝင်သည်၊

(၁၉) **ခေါင်းခွန်စနစ်** ဆိုသည်မှာ ကျွဲ၊ နွား၊ နွားနောက်၊ လား၊ မြင်း၊ မြည်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို သားသတ်လုပ်ငန်းအလို့ငှာတစ်ကောင်ချင်းစီအပေါ် နှုန်းထားသတ်မှတ်၍ စည်းကြပ်သည့်အခွန်စနစ် ဖြစ်သည်၊

Myanmar Law Information System (MLIS)

(၂၀) **အထောက်အကူပြုအဖွဲ့** ဆိုသည်မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု စည်ပင်သာယာရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန် ဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်၊

(၂၁) **မြေ** ဆိုသည်မှာ စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြေ သို့မဟုတ် ယင်း၏ အစိတ်အပိုင်းကို ဆိုသည်။

(၂၂) **အဆောက်အအုံ** ဆိုသည်မှာ မည်သည့်ဆောက်လုပ်ရေးပစ္စည်းဖြင့်မဆို ယာယီ သို့မဟုတ် အမြဲတမ်းဆောက်လုပ်သည့် တိုက်၊ အိမ်၊ တဲ၊ တစ်ဖက်ယပ်၊ အမိုးပါရှိသော အဆောက်အအုံ သို့မဟုတ် ယင်းတို့၏ အစိတ်အပိုင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ဆက်သွယ်ရေး တာဝါတိုင်၊ အဆောက်အအုံနံရံ၊ မြေထိန်းနံရံ၊ အကာအရံ၊ ဝင်းတံခါး၊ ခြံစည်းရိုး၊ ဝင်းထရံ၊ ကဇာတ်ခုံ၊ တိုင်၊ ကျားထောက်နှင့် အဆောက်အအုံအကြမ်းထည်လည်းပါဝင်သည်။

(၂၃) **ပိုင်ရှင်** ဆိုသည်မှာ မြေ သို့မဟုတ် အဆောက်အအုံကို တရားဝင်ပိုင်ဆိုင်ပြီး ကိုယ်တိုင်နေထိုင်သူ သို့မဟုတ် ငှားရမ်းခများကို မိမိကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ပစ္စည်းထိန်းဖြင့်ဖြစ်စေ လက်ခံရယူသူကို ဆိုသည်။

(၂၄) **နေထိုင်သူ** ဆိုသည်မှာ မြေ သို့မဟုတ် အဆောက်အအုံတွင် အမြဲဖြစ်စေ၊ ယာယီဖြစ်စေ ပိုင်ရှင် အပါအဝင် အသုံးပြုသူ၊ ငှားရမ်းသူ သို့မဟုတ် လက်ရှိနေထိုင်သူကို ဆိုသည်။

(၂၅) **နှစ်စဉ်တန်ဖိုး** ဆိုသည်မှာ ပစ္စည်းခွန်စည်းကြပ်မည့် မြေနှင့်အဆောက်အအုံကို မည်သည့် အသုံးအဆောင်ပရိဘောဂမျှမပါဝင်ဘဲ ငှားရမ်းပါက တစ်နှစ်အတွက် ရရှိနိုင်မည်ဟု မျှော်မှန်းထားသော တန်ဖိုးငွေကို ဆိုသည်။ ယင်းစကားရပ်တွင် ပစ္စည်းခွန်စည်းကြပ်မည့် မြေနှင့် အဆောက်အအုံ၏ တစ်နှစ်ငှားရမ်းခရရှိနိုင်မည့် တန်ဖိုးအပေါ် ကော်မတီက အခါအားလျော်စွာသတ်မှတ်ပေးသည့် ရာခိုင်နှုန်းအရ တန်ဖိုးငွေလည်း ပါဝင်သည်။

(၂၆) **စံငှားရမ်းခ** ဆိုသည်မှာ အခွန်စည်းကြပ်ကောက်ခံမည့် အစိုးရက စီမံခန့်ခွဲသော အဆောက်အအုံများ၊ ပုဂ္ဂလိကအဆောက်အအုံများအား တစ်နှစ်အတွက် ငှားရမ်းခရရှိနိုင်သော တန်ဖိုးငွေကိုဆိုသည်။

(၂၇) **ပစ္စည်းခွန်** ဆိုသည်မှာ မြေဖြစ်စေ၊ မြေနှင့် အဆောက်အအုံဖြစ်စေ ၎င်းတို့၏ နှစ်စဉ်တန်ဖိုးအပေါ် သတ်မှတ်သော ရာခိုင်နှုန်းဖြင့်ကောက်ခံသော အခွန်ကိုဆိုသည်။ ယင်းစကားရပ်တွင် အထွေထွေခွန်၊ မီးခွန်၊ ရေခွန်၊ အမှိုက်နှင့်အညစ်အကြေးခွန်တို့လည်းပါဝင်သည်-

(ကက) **အထွေထွေခွန်** ဆိုသည်မှာ အများပြည်သူဆိုင်ရာ လမ်းများ၊ တံတားများ၊ ရေမြောင်းများ၊ ဈေးများ၊ ပန်းခြံများ၊ အားကစားကွင်း စသည်များ တည်ဆောက်ခြင်း၊ ဖောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းတို့အတွက် ကုန်ကျစရိတ်များ ကာမိစေရန်စည်းကြပ်သည့် အခွန်ကို ဆိုသည်။

Myanmar Law Information System (MLIS)

(ခခ) **မီးခွန်** ဆိုသည်မှာ အများပြည်သူဆိုင်ရာလမ်းများ၊ တံတားများ၊ ဈေးများ၊ ပန်းခြံများ၊ အားကစားကွင်းများနှင့် စည်ပင်သာယာ အဆောက်အအုံများတွင် မီးထွန်းစရိတ် ကာမိစေရန် စံငှားရမ်းခ အပေါ်တွင်ရာခိုင်နှုန်းသတ်မှတ်၍ စည်းကြပ်ကောက်ခံသည့်အခွန်ကို ဆိုသည်။

(ဂဂ) **ရေခွန်** ဆိုသည်မှာ ကော်မတီက ရေပေးဝေနိုင်ရေးဆောင်ရွက်ရာတွင် ကုန်ကျစရိတ်များ ကာမိစေရန်စံငှားရမ်းခအပေါ်တွင် ရာခိုင်နှုန်း သတ်မှတ်၍ စည်းကြပ်ကောက်ခံသည့် အခွန်ကိုဆိုသည်။

(ဃဃ) **အမှိုက်နှင့်အညစ်အကြေးခွန်** ဆိုသည်မှာ အမှိုက်နှင့်အညစ်အကြေးများ စုပုံရွှေ့ပြောင်းစွန့်ပစ်ခြင်းနှင့် ရေစီးရေလာမြောင်းများ ရှင်းလင်းခြင်းတို့အတွက်ဆောင်ရွက်ရသည့် စရိတ်များ ကာမိစေရန် စံငှားရမ်းခ အပေါ်တွင် ရာခိုင်နှုန်းအလိုက် စည်းကြပ်ကောက်ခံသည့် အခွန်ကိုဆိုသည်။

(၂၈) **ရေဖိုးရေခ** ဆိုသည်မှာ ကော်မတီက ရေပေးဝေနိုင်ရေး ဆောင်ရွက်ရာတွင် ရေယူသုံးစွဲသူများထံမှ အခါအားလျော်စွာသတ်မှတ်သောနှုန်းထားဖြင့်သော်လည်းကောင်း၊ ရေမီတာဖြင့်သော်လည်းကောင်း၊ ပုတ်ပြတ်နှုန်းထားဖြင့်သော်လည်းကောင်း ကောက်ခံသည့် အခကြေးငွေကို ဆိုသည်။

(၂၉) **ဘီးခွန်** ဆိုသည်မှာ ယာဉ်များအပေါ် စည်ပင်သာယာနယ်နိမိတ်အတွင်း မောင်းနှင်သွားလာခြင်း အတွက် ကော်မတီကယာဉ်အမျိုးအစားအလိုက် သတ်မှတ်သည့် နှုန်းထားအရကောက်ခံသည့်အခွန်ကို ဆိုသည်။

(၃၀) **ယာဉ်ညအိပ်ခွန်** ဆိုသည်မှာ စည်ပင်သာယာနယ်နိမိတ်အတွင်း ကော်မတီပိုင် မြေ သို့မဟုတ် အများပြည်သူဆိုင်ရာလမ်းပေါ်တွင် ညအိပ်ထားရှိသော ယာဉ်များအပေါ် ကော်မတီက ယာဉ်အမျိုး အစားအလိုက် သတ်မှတ်ကောက်ခံသော အခကြေးငွေ ကိုဆိုသည်။

(၃၁) **ယာဉ်ရပ်နားခ** ဆိုသည်မှာ စည်ပင်သာယာ နယ်နိမိတ်အတွင်းကော်မတီပိုင် မြေ သို့မဟုတ် အများပြည်သူဆိုင်ရာလမ်းပေါ်တွင်ရပ်နားထားခြင်းအတွက် ကော်မတီက ယာဉ်အမျိုးအစားအလိုက် သတ်မှတ်ကောက်ခံသော အခကြေးငွေကိုဆိုသည်။

(၃၂) **အဆောက်အအုံခွန်** ဆိုသည်မှာ စည်ပင်သာယာနယ်နိမိတ်အတွင်း မြေနှင့်အဆောက်အအုံ၏ ပိုင်ရှင်၊ နေထိုင်သူ သို့မဟုတ် အသုံးပြုသူထံမှ စီးပွားရေးလုပ်ငန်းနှင့် အဆောက်အအုံအမျိုးအစား အလိုက် သတ်မှတ်သည့် နှုန်းထားအရ ကောက်ခံသည့် အခွန်ကို ဆိုသည်။

(၃၃) **စီးပွားရေးအဆောက်အအုံ** ဆိုသည်မှာ စည်ပင်သာယာနယ်နိမိတ်အတွင်း အဆောက်အအုံ တစ်ခုတွင် စီးပွားရေးလုပ်ငန်းအလို့ငှာ ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာ၊ တည်ခိုခန်း၊ ဘော်ဒါဆောင်၊ အခန်းလိုက်ငှားသော အဆောက်အအုံ၊ ကိုယ်ပိုင်ကျောင်း၊ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းနှင့် အခြားစီးပွားရေး လုပ်ငန်းများဆောင်ရွက်သည့် အဆောက်အအုံကို ဆိုသည်။

Myanmar Law Information System (MLIS)

(၃၄) **တည်းခိုခန်း** ဆိုသည်မှာ ပြည်တွင်းခရီးသွားများ တည်းခိုနေထိုင်ရန်အတွက် အခကြေးငွေဖြင့် လက်ခံစီစဉ်ပေးသည့် အဆောက်အအုံကို ဆိုသည်။

(၃၅) **ဘော်ဒါဆောင်** ဆိုသည်မှာ ကျောင်းသူ ကျောင်းသားများ သို့မဟုတ် ရုံးသူ ရုံးသားများနှင့် အလုပ်သမားများနေသောငှားရမ်းခ သတ်မှတ်ချက်ဖြင့် ငှားရမ်းသည့် အဆောက်အအုံကိုဆိုသည်။

(၃၆) **အခန်းလိုက်ငှားသော အဆောက်အအုံ** ဆိုသည်မှာ အဆောက်အအုံတစ်ခုလုံးကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ အခန်းများဖွဲ့၍ငှားရမ်းခ သတ်မှတ်ချက်ဖြင့် ငှားရမ်းသည့် အဆောက်အအုံကို ဆိုသည်။

(၃၇) **ပစ္စည်းခွန်ခွဲဝေပုံစာရင်း** ဆိုသည်မှာ စည်ပင်သာယာနယ်နိမိတ်အတွင်း အဆောက်အအုံများအပေါ် ပစ္စည်းခွန်စည်းကြပ်ရန်အတွက် နှစ်စဉ်တန်ဖိုးသတ်မှတ်ရာတွင် အဆိုပါ အဆောက်အအုံအမျိုးအစား အလိုက် ကွင်းဆင်း၍ ကောက်ယူထားသော အခြေခံစာရင်းကို ဆိုသည်။

(၃၈) **ခိုင်ကြေး** ဆိုသည်မှာ ကောက်ခံရရှိသော အခွန်အပေါ် ရာခိုင်နှုန်းဖြင့် ကောက်ခံသူအား ပြန်လည်ထုတ်ပေးသော အခငွေကို ဆိုသည်။

(၃၉) **ဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ စည်ပင်သာယာရေးကော်မတီကကြီးကြပ်ခြင်း၊ စီမံခန့်ခွဲခြင်း သို့မဟုတ် စည်းကြပ်ကောက်ခံခြင်းပြုလုပ်နိုင်သော ကာယစွမ်းအား၊ ဉာဏစွမ်းအား၊ စက်စွမ်းအားဖြင့် အကျိုးအမြတ် တစ်စုံတစ်ရာရရှိရေးအတွက် ဝန်ဆောင်ခကို ရယူ၍ ဆောင်ရွက်သည့် လုပ်ငန်းများနှင့် အစိုးရအဖွဲ့က သတ်မှတ်သည့် အခြားဝန်ဆောင်မှု လုပ်ငန်းများလည်းပါဝင်သည်။

(၄၀) **စီးပွားရေးလုပ်ငန်း** ဆိုသည်မှာ စည်ပင်သာယာနယ်နိမိတ်အတွင်း ကော်မတီက ကြီးကြပ်ခြင်း၊ စီမံခန့်ခွဲခြင်း သို့မဟုတ် စည်းကြပ်ကောက်ခံခြင်း ပြုလုပ်နိုင်သော လုပ်ငန်းများကို ဆိုသည်။ ယင်းစကားရပ်တွင် အစားအသောက်၊ သုံးစွဲရန်ပစ္စည်း သို့မဟုတ် သုံးစွဲရန် အထောက်အကူပစ္စည်းကို ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ တည်ခင်းခြင်း၊ ဖြန့်ဖြူးခြင်း၊ သိုလှောင်ခြင်း စသည့် လုပ်ငန်းများလည်း ပါ  ဝင်သည်။

(၄၁) **အန္တရာယ်ရှိစေသောလုပ်ငန်း** ဆိုသည်မှာ အခကြေးငွေယူသည်ဖြစ်စေ မယူသည်ဖြစ်စေ လုပ်ငန်းသဘာဝအရလည်းကောင်း၊ လုပ်ငန်းဆောင်ရွက်ပုံ ဆောင်ရွက်နည်းများအရလည်းကောင်း ပစ္စည်းများကို ထိခိုက်ပျက်စီးစေနိုင်ခြင်း၊ ပတ်ဝန်းကျင်နှင့်ဂေဟစနစ်ကို အနှောင့်အယှက် ဖြစ်စေနိုင်ခြင်း၊ လူ၏အသက် သို့မဟုတ် ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်ခြင်း စသည့်လုပ်ငန်းများ ကိုဆိုသည်၊

(၄၂) **စီးပွားရေးလုပ်ငန်းလိုင်စင်** ဆိုသည်မှာ စည်ပင်သာယာနယ်နိမိတ်အတွင်း စီးပွားရေးအလို့ငှာ အစားအသောက်၊ သုံးစွဲရန်ပစ္စည်း၊ အခြားပစ္စည်းကို ထုတ်လုပ်ခြင်း၊

Myanmar Law Information System (MLIS)

သိုလှောင်ခြင်း၊ ရောင်းချခြင်း ဖြန့်ဖြူးခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကော်မတီက ထုတ်ပေးသည့် လိုင်စင်ကို ဆိုသည်။

(၄၃) **သီးခြားလုပ်ငန်းလိုင်စင်** ဆိုသည်မှာ စည်ပင်သာယာနယ်နိမိတ်အတွင်း မြို့သာယာလှပရေးနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးကိုထိခိုက်စေနိုင်သည့်လုပ်ငန်း၊ အများပြည်သူအား အသံ၊ အနံ့၊ အရောင်၊ အတွေ့အမြင်အရ စိတ်ပြိုငြင်မှုဖြစ်စေနိုင်သည့် လုပ်ငန်း၊ အများပြည်သူတို့၏ ကျန်းမာရေးကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ၊ ထိခိုက်စေနိုင်သည့် အရာဝတ္ထုများ၊ အစားအသောက်များကို သိုလှောင်ခြင်း၊ ထုတ်လုပ်ခြင်း၊ တည်ခင်းရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ဝန်ဆောင်မှုပေးခြင်းစသည့် လုပ်ငန်းများနှင့် ပတ်သက်၍စိစစ်ပြီး စည်းကမ်းကန့်သတ်ချက်များချမှတ်ကာ ကော်မတီကထုတ်ပေးသည့် လိုင်စင်ကို ဆိုသည်။

(၄၄) **ယာဉ်ဖြင့် လှည့်လည်ရောင်းချခွင့်လိုင်စင်** ဆိုသည်မှာ စည်ပင်သာယာနယ်နိမိတ်အတွင်း ယာဉ်တစ်မျိုးမျိုးကို အသုံးပြု၍ထီလက်မှတ်များ၊ ရာသီသီးနှံများ၊ စားသောက်ကုန်များ သို့မဟုတ် ကုန်ပစ္စည်းများ လှည့်လည်ကြော်ငြာခြင်း၊ ရောင်းချခြင်းစသည့်လုပ်ငန်းများ လုပ်ကိုင်ရန် ကော်မတီက ထုတ်ပေးသည့် လိုင်စင်ကို ဆိုသည်။

(၄၅) **စည်ပင်သာယာဈေး** ဆိုသည်မှာ စည်ပင်သာယာနယ်နိမိတ်အတွင်း ကော်မတီက ကြီးကြပ်၍ စည်ပင်သာယာရေးအဖွဲ့က စီမံခန့်ခွဲသည့် ဈေးကိုဆိုသည်။

(၄၆) **ယာယီဈေး** ဆိုသည်မှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိခိုက်စေခြင်း မရှိဘဲ အချိန်၊ နေရာ၊ အကျယ်အဝန်းကို သတ်မှတ်ချက်အတိုင်း အခိုင်အမာတည်ဆောက်ခွင့်မပြုသော ဆိုင်၊ ရောင်းချသော ပစ္စည်းများနှင့် ထွက်ရှိအမှိုက်များအား နေ့စဉ်ပြန်လည်သိမ်းဆည်း၍ ရောင်းချရန် ခွင့်ပြုထားသော ဈေးကို ဆိုသည်၊

(၄၇) **အခွန်လွတ်ဈေး** ဆိုသည်မှာ ကော်မတီက စည်ပင်သာယာနယ်နိမိတ်အတွင်း ပြည်သူများ ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်ရန်အတွက် သီးသန့်နေရာသတ်မှတ်၍ မည်သည့်အခွန်အခမျှ ကောက်ခံခြင်း မပြုဘဲ ရောင်းချခွင့်ပြုသည့် ဈေးကို ဆိုသည်။

(၄၈) **ညဈေး** ဆိုသည်မှာ ကော်မတီက ယာယီနေရာနှင့်အချိန်သတ်မှတ်၍ ညအချိန်တွင်သာ ရောင်းချခွင့်ပြုသည့် ဈေးကိုဆိုသည်။

(၄၉) **ပုဂ္ဂလိကဈေး** ဆိုသည်မှာ စည်ပင်သာယာနယ်နိမိတ်အတွင်း ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်က ကော်မတီထံမှ လိုင်စင်ရယူ၍ ဖွင့်လှစ်သောဈေးကိုဆိုသည်။ ယင်းစကားရပ်တွင် ကော်မတီကဈေးအဆင့် သတ်မှတ်သည့် ကုန်တိုက်များလည်း ပါဝင်သည်။

(၅၀) **ကုန်တိုက်** ဆိုသည်မှာ ဧရိယာစတုရန်းပေ တစ်ထောင်နှင့် အထက်ရှိသော အဆောက်အအုံတွင် ကုန်ပစ္စည်းများ ရောင်းချသည့် ဆိုင်ကိုဆိုသည်။

(၅၁) **ကုန်ပဒေသာဆိုင်** ဆိုသည်မှာ ဧရိယာစတုရန်းပေ ငါးရာနှင့် တစ်ထောင်ကြားရှိသော အဆောက်အအုံတွင် ကုန်ပစ္စည်းများရောင်းချသည့် ဆိုင်ကို ဆိုသည်။

Myanmar Law Information System (MLIS)

(၅၂) **ကုန်စုံဆိုင်** ဆိုသည်မှာ စည်ပင်သာယာနယ်နိမိတ်အတွင်း ဧရိယာစတုရန်းပေ ငါးရာအောက်ရှိသော အဆောက်အအုံတွင် ကုန်ပစ္စည်းများ ရောင်းချသည့် ဆိုင်ကိုဆိုသည်။

(၅၃) **အိမ်ဆိုင်** ဆိုသည်မှာ စည်ပင်သာယာနယ်နိမိတ်အတွင်း လူနေအိမ်ခန်းတွင်ဖြစ်စေ၊ ဥပစာ၏ ခြံစည်းရိုးကို ဖောက်၍ဖြစ်စေကုန်ပစ္စည်းများ ရောင်းချသည့်ဆိုင်ကို ဆိုသည်။

(၅၄) **လမ်းဘေးဈေးဆိုင်** ဆိုသည်မှာ စည်ပင်သာယာနယ်နိမိတ်အတွင်း ကော်မတီက ယာယီသတ်မှတ်ပေးသောနေရာများတွင် အချိန်အကန့်အသတ်ဖြင့် အခပေးဆောင်၍ ခွင့်ပြုထားသည့် ကုန်ပစ္စည်းများအား ယာယီရောင်းချသော ဈေးဆိုင်ကို ဆိုသည်။

(၅၅) **ယာယီဇာတ်ရုံဆောက်လုပ်ခွင့်ပြုမိန့်** ဆိုသည်မှာ စည်ပင်သာယာနယ်နိမိတ်အတွင်း ဘုရားပွဲ၊ အားကစားပွဲစသည့် ပွဲလမ်းသဘင်များတွင် အများပြည်သူများအား ဖျော်ဖြေနိုင်ရေးအတွက် ယာယီဇာတ်ရုံဆောက်လုပ်ရန် ကော်မတီက ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်သူများက ရွေးချယ်ပေးသည့် စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့်၏ ဦးဆောင်မှုဖြင့် မြို့၊ ရွာများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်၍ ပြည်သူများ၏ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်၊

(ခ) စည်ပင်သာယာရေးဆိုင်ရာ အခွန်အရပ်ရပ်ကို သတ်မှတ်နှုန်းထားများအတိုင်း အပြည့်အဝရရှိစေရန်နှင့် သက်ဆိုင်ရာမြို့၊ ရွာ စည်ပင်သာယာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တည်ဆဲဥပဒေ၊ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျအသုံးပြုစေရန်၊

(ဂ) စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု ရှိသည့် ပြည်သူ့ဗဟိုပြု စီမံခန့်ခွဲမှုစနစ်ပေါ်ထွန်းလာစေရန်၊

(ဃ) စည်ပင်သာယာရေးလုပ်ငန်းများတွင် ပြည်သူလူထုပူးပေါင်းပါဝင်မှု ပိုမိုအားကောင်းလာစေရန်၊

(င) စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်တို့ကို စနစ်တကျဖြစ်စေရန်။

## အခန်း (၃)
## စည်ပင်သာယာရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် နယ်နိမိတ်သတ်မှတ်ခြင်း

၄။ အစိုးရအဖွဲ့သည် တိုင်းဒေသကြီးအတွင်း စည်ပင်သာယာရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် နယ်နိမိတ်များသတ်မှတ်ခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) တိုင်းဒေသကြီးအတွင်း စည်ပင်သာယာရေးလုပ်ငန်းများဆောင်ရွက်ရန် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ကို ဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် နုတ်ပယ်ခြင်း ပြုနိုင်သည်။

Myanmar Law Information System (MLIS)

(ခ) မြို့နယ်တစ်ခုကိုဖြစ်စေ၊ မြို့တစ်မြို့ကိုဖြစ်စေ၊ နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသော မြို့နယ်နှင့် မြို့များကို စုစည်း၍ဖြစ်စေ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် စည်ပင်သာယာ နယ်နိမိတ် သတ်မှတ်၍ စည်ပင်သာယာရေးအဖွဲ့ အဆင့်ဆင့်ကို ဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် နုတ်ပယ်ခြင်း ပြုနိုင်သည်၊

(ဂ) တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီနှင့် ညှိနှိုင်း၍ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြို့တစ်မြို့ကိုဖြစ်စေ၊ မြို့အသွင်ဖွံ့ဖြိုးတိုးတက်နေသော ကျေးရွာများကိုဖြစ်စေ၊ မြို့နှင့် ကျေးရွာများကိုပူးပေါင်း၍ဖြစ်စေ စည်ပင်သာယာနယ်နိမိတ်အဖြစ် သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း ပြုနိုင်သည်။

## အခန်း (၄)
## ကော်မတီဖွဲ့စည်းခြင်း

၅။ အစိုးရအဖွဲ့သည် ကော်မတီအဆင့်ဆင့် ဖွဲ့စည်းနိုင်ရေးအတွက် ရွေးချယ်ရေးအဖွဲ့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖွဲ့စည်းပေး၍ ရွေးချယ်ဖွဲ့စည်းပြီးသော အောက်ပါ ကော်မတီအဆင့်ဆင့် ကို အတည်ပြုပေးရမည်-

(က) တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ဝန်ကြီး | ဥက္ကဋ္ဌ |
| (၂) | ခရိုင်တစ်ခုချင်းစီအတွင်းရှိ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌများအနက်မှတစ်ဦး | ဒုတိယဥက္ကဋ္ဌ |
| (၃) | ခရိုင်တစ်ခုချင်းစီအတွင်းရှိ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌများ | အဖွဲ့ဝင် |
| (၄) | တိုင်းဒေသကြီးအမှုဆောင်အရာရှိ စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ | အတွင်းရေးမှူး |

(ခ) မြို့နယ်စည်ပင်သာယာရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ပြည်သူများမှ ရွေးချယ်သော ပုဂ္ဂိုလ် (၁) ဦး | ဥက္ကဋ္ဌ |
| (၂) | စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ပြည်သူများမှ ရွေးချယ်သော လူမှုရေးနယ်ပယ်မှ ပုဂ္ဂိုလ် (၁) ဦး | အဖွဲ့ဝင် |
| (၃) | စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ပြည်သူများမှ ရွေးချယ်သော စီးပွားရေး နယ်ပယ်မှ ပုဂ္ဂိုလ် (၁) ဦး | အဖွဲ့ဝင် |

Myanmar Law Information System (MLIS)

(၄) စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ပြည်သူများမှ ရွေးချယ်ထားသော သက်ဆိုင်ရာ လုပ်ငန်းအလိုက် ကျွမ်းကျင်ပညာရှင်၊ ပညာအခြေပြုအဖွဲ့အစည်းများမှ ပုဂ္ဂိုလ် (၁) ဦး — အဖွဲ့ဝင်

(၅) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၆) မြို့နယ်ဦးစီးမှူး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန — အဖွဲ့ဝင်

(၇) မြို့နယ်အမှုဆောင်အရာရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ — အတွင်းရေးမှူး

(ဂ) မြို့ သို့မဟုတ် မြို့အသွင်ဖွံ့ဖြိုးတိုးတက်နေသော ကျေးရွာများတွင်စည်ပင်သာယာရေး ကော်မတီကို ဖွဲ့စည်းရန် လိုအပ်ပါက တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်ကိုရယူပြီး အောက်ပါပုဂ္ဂိုလ်များနှင့် ဖွဲ့စည်းနိုင်သည်-

(၁) စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ ပြည်သူများမှရွေးချယ်သည့် ပုဂ္ဂိုလ် — ဥက္ကဋ္ဌ

(၂) မြို့စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ ပြည်သူများမှ ရွေးချယ်သည့် ပုဂ္ဂိုလ် (၂) ဦး — အဖွဲ့ဝင်

(၃) မြို့နယ်အုပ်ချုပ်ရေးမှူးမှ တာဝန်ပေးအပ်သော ဒုတိယဦးစီးမှူးတစ်ဦး၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန — အဖွဲ့ဝင်

(၄) တိုင်းဒေသကြီးအမှုဆောင်အရာရှိမှ တာဝန်ပေးအပ်သော ဒုတိယ ဦးစီးမှူး အဆင့်ထပ်မနိမ့်သူ (၁) ဦး — အတွင်းရေးမှူး

(ဃ) ရပ်ကွက်၊ ကျေးရွာအုပ်စု စည်ပင်သာယာရေး အထောက်အကူပြု အဖွဲ့ကို လိုအပ်ပါက အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းနိုင်သည်-

(၁) ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး — အဖွဲ့ခေါင်းဆောင်

(၂) ရပ်ကွက်၊ ကျေးရွာအုပ်စုစာရေးဝန်ထမ်း — အဖွဲ့ဝင်

(၃) ရပ်ကွက်၊ ကျေးရွာမှရွေးချယ်ထားသူ (၃) ဦး — အဖွဲ့ဝင်

Myanmar Law Information System (MLIS)

(င) တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီကို ဖွဲ့စည်းရာတွင် ခရိုင်တစ်ခုချင်းအတွင်းရှိ မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌများအား အချင်းချင်းဆန္ဒမဲပေးစေ၍ မဲအများဆုံးရရှိသူ တစ်ဦးအား တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်အဖြစ်သတ်မှတ်ပေးရမည်။

(စ) တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်များသည် အချင်းချင်းဆန္ဒမဲပေး၍ တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌကို ရွေးချယ်ရမည်။

(ဆ) မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌကို ရွေးချယ်ရာတွင် စည်ပင်သာယာရေး အဆိုပြု လာသူများအနက် သက်ဆိုင်ရာစည်ပင်သာယာနယ်နိမိတ်အတွင်းရှိ အိမ်ထောင်စုများမှ အိမ်ထောင်စု တစ်စုလျှင်ဆန္ဒမဲတစ်မဲနှုန်းဖြင့် မဲပေးရွေးချယ်ရမည်။

(ဇ) လူမှုရေးနယ်ပယ်မှ အဖွဲ့ဝင်ကို ရွေးချယ်ရာတွင် တရားဝင်မှတ်ပုံတင်ထားသော လူထုအခြေပြု လူမှုရေးအသင်းအဖွဲ့များမှ အဆိုပြုတင်သွင်းလာသော အသင်းအဖွဲ့ဝင်များအနက် တစ်ဦးကို အိမ်ထောင်စုတစ်စုလျှင်ဆန္ဒမဲတစ်မဲနှုန်းဖြင့် မဲပေးရွေးချယ်ရမည်။

(ဈ) စီးပွားရေးနယ်ပယ်မှ အဖွဲ့ဝင်ကို ရွေးချယ်ရာတွင် စီးပွားရေးလုပ်ငန်းများမှ အဆိုပြုတင်သွင်း လာသော ပုဂ္ဂိုလ်များအနက် တစ်ဦးကိုအိမ်ထောင်စုတစ်စုလျှင် ဆန္ဒမဲတစ်မဲနှုန်းဖြင့် မဲပေးရွေးချယ် ရမည်။

(ည) လုပ်ငန်းအလိုက် ကျွမ်းကျင်ပညာရှင်၊ ပညာအခြေပြုနယ်ပယ်မှ အဖွဲ့ဝင်ကို ရွေးချယ်ရာတွင် သတ်မှတ်ချက်များနှင့် ကိုက်ညီသော ပုဂ္ဂိုလ်များအနက် တစ်ဦးကို အိမ်ထောင်စုတစ်စုလျှင် ဆန္ဒမဲ တစ်မဲနှုန်းဖြင့် မဲပေးရွေးချယ်ရမည်။

(ဋ) မြို့ သို့မဟုတ် မြို့အသွင် ဖွံ့ဖြိုးတိုးတက်သော ကျေးရွာများအတွက်စည်ပင်သာယာရေးဥက္ကဋ္ဌကို ရွေးချယ်ရာတွင် သက်ဆိုင်ရာ စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ အိမ်ထောင်စုများမှ အိမ်ထောင်စုတစ်စုလျှင် ဆန္ဒမဲတစ်မဲနှုန်းဖြင့် မဲပေးရွေးချယ်ရမည်။

(ဌ) မြို့ သို့မဟုတ် မြို့အသွင်ဖွံ့ဖြိုးတိုးတက်သော ကျေးရွာများအတွက် စည်ပင်သာယာရေး အဖွဲ့ဝင် (၂) ဦးကို ရွေးချယ်ရာတွင် အဖွဲ့ဝင်အဖြစ်အဆိုပြုတင်သွင်းလာသူများအနက် သက်ဆိုင်ရာ စည်ပင် သာယာရေး နယ်နိမိတ်အတွင်းရှိ အိမ်ထောင်စုများမှ အိမ်ထောင်စုတစ်စုလျှင် ဆန္ဒမဲတစ်မဲနှုန်းဖြင့် မဲပေးရွေးချယ်ရမည်။

(ဍ) ရပ်ကွက်၊ ကျေးရွာအုပ်စု စည်ပင်သာယာရေးအထောက်အကူပြု အဖွဲ့ဝင်များကို ရွေးချယ်ရာတွင် အဖွဲ့ဝင်အဖြစ် အဆိုပြုတင်သွင်းလာသူများအနက် သက်ဆိုင်ရာစည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ အိမ်ထောင်စုများမှ အိမ်ထောင်စုတစ်စုလျှင် ဆန္ဒမဲတစ်မဲနှုန်းဖြင့်မဲပေးရွေးချယ်ရမည်။

(ဎ) မြို့နယ်၊ မြို့ သို့မဟုတ် မြို့အသွင်ဖွံ့ဖြိုးတိုးတက်သောကျေးရွာသက်ဆိုင်ရာ စည်ပင်သာယာရေး ကော်မတီ အသီးသီးအတွက်အရွေးချယ်ခံမည့် ပုဂ္ဂိုလ်များသည် ကော်မတီ၏ တာဝန်တစ်ခုအတွက်သာ ရွေးချယ်ခံပိုင်ခွင့်ရှိသည်။

(ဏ) ကော်မတီအဖွဲ့ဝင်များ၏ အရည်အချင်းကို နည်းဥပဒေတွင် သတ်မှတ်ပေးရမည်။

Myanmar Law Information System (MLIS)

၆။ ကော်မတီ၏ သက်တမ်းမှာ အစိုးရအဖွဲ့၏ သက်တမ်းနှင့် အညီဖြစ်သည်။

၇။ ဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဝင်တစ်ဦးသည် အောက်ပါကိစ္စရပ်များပေါ်ပေါက်လျှင် ၎င်း၏နေရာ လစ်လပ်သည်ဟု မှတ်ယူရမည်-

(က) မိမိဆန္ဒအလျောက် တာဝန်မှနုတ်ထွက်ခြင်း၊

(ခ) ဤဥပဒေနှင့် နည်းဥပဒေများကို ဖောက်ဖျက်ခြင်း၊ တည်ဆဲဥပဒေပါ ပုဒ်မတစ်ရပ်ရပ်ဖြင့် အရေးယူခံရခြင်း၊

(ဂ) သက်ဆိုင်ရာစည်ပင်သာယာနယ်နိမိတ်အတွင်း ဆက်လက်နေထိုင်ခြင်းမရှိဘဲ အခြားဒေသသို့ ပြောင်းရွှေ့ခြင်း၊

(ဃ) ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျေပွန်စွာ ဆောင်ရွက်မှုမရှိခြင်း၊

(င) ကွယ်လွန်ခြင်း။

၈။ တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌမှအပ ဥက္ကဋ္ဌ သို့မဟုတ် ကော်မတီအဖွဲ့ဝင် တစ်ဦးဦးလစ်လပ်ပါက အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် အတွင်းရေးမှူးကဖြစ်စေ၊ အဖွဲ့ဝင်တစ်ဦးဦးက ဖြစ်စေ ခေတ္တဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်စေပြီး ရက်ပေါင်း (၆၀) အတွင်း ဥပဒေ၊ နည်းဥပဒေနှင့် အညီပြန်လည်ရွေးချယ်ရမည်။

၉။ အစိုးရအဖွဲ့သည် မြို့နယ်၊ မြို့ သို့မဟုတ် မြို့အသွင်ဖွံ့ဖြိုးတိုးတက်သော ကျေးရွာ စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ကော်မတီအဖွဲ့ဝင် တစ်ဦးဦးကို ပေးအပ်ထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့် များမှ ရုပ်သိမ်းပေးပါရန်မဲပေးပိုင်ခွင့်ရှိသည့် အိမ်ထောင်စုများ၏ ၅၀ ရာခိုင်နှုန်းကျော်က လက်မှတ် ရေးထိုးတောင်းဆိုလျှင် စိစစ်၍ ၎င်း၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပြန်လည်ရုပ်သိမ်းရမည်။

၁၀။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် ရပ်ကွက်/ ကျေးရွာစည်ပင်သာယာရေး အထောက်အကူ ပြုအဖွဲ့မှ ရွေးချယ်ထားသူအဖွဲ့ဝင် တစ်ဦးဦးကိုဖြစ်စေ၊ သုံးဦးလုံးကိုဖြစ်စေ လိုအပ်ပါက တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီ၏ သဘောတူညီချက်ဖြင့် ပြင်ဆင်ပြောင်းလဲခြင်းပြုနိုင်သည်။

၁၁။ အစိုးရသည် ကော်မတီဖွဲ့စည်းခြင်းမပြုနိုင်သည့် အခါတွင်ဖြစ်စေ ဖွဲ့စည်းထားသည့် ကော်မတီသည် ယင်း၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်နိုင်ခြင်းမရှိသည့် အခါတွင်ဖြစ်စေ၊ ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရန် အမှုဆောင်အရာရှိ သို့မဟုတ် တာဝန်ခံ အင်ဂျင်နီယာတစ်ဦးကိုတာဝန်ပေးအပ်နိုင်ပြီး တစ်လအတွင်း ကော်မတီကို ဖွဲ့စည်းရမည်။

## အခန်း (၅)

## ကော်မတီ အဆင့်ဆင့်၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များ

၁၂။ တိုင်းဒေသကြီးစည်ပင်သာယာရေး ကော်မတီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီသည် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့စည်ပင်သာယာရေး

Myanmar Law Information System (MLIS)

ကော်မတီ၊ မြို့စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ တည်ဆဲဥပဒေနှင့် အညီလမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ လိုအပ်ပါက အစိုးရအဖွဲ့၏ ခွင့်ပြုချက်ကို ရယူ ဆောင်ရွက်ခြင်း၊

(ခ) အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုခုနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသော ဒေသများတွင် ဒေသန္တရစီမံကိန်းများ ရေးဆွဲဆောင်ရွက်ရာတွင် လည်းကောင်း၊ စည်ပင်သာယာရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆက်စပ်လျက်ရှိသော သက်ဆိုင်ရာအခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ စည်ပင်သာယာရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တင်ပြလာသော စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အကြံပြုချက်များကို စိစစ်၍ ပြင်ဆင်ခြင်း၊ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃ) အခွန်၊ အခ၊ အကောက်နှင့် ဒဏ်ကြေးနှုန်းထားများကို ခေတ်နှင့်လျော်ညီသော နှုန်းထားများအဖြစ် ပြင်ဆင်သတ်မှတ်ရာတွင် မြို့နယ်စည်ပင်သာယာရေး ကော်မတီမှ ဖြစ်စေ၊ ပြည်သူလူထုမှဖြစ်စေ တင်ပြ လာပါကတည်ဆဲဥပဒေ၊ နည်းဥပဒေနှင့်အညီ စိစစ်၍ ပြင်ဆင်ခြင်း၊ အတည်ပြုခြင်း၊

(င) အဆောက်အအုံနှင့် မြေခွန်၊ ဝန်ဆောင်ခွန်များ စည်းကြပ်ကောက်ခံရန်မြို့နယ်စည်ပင်သာယာရေး ကော်မတီများက အခါအားလျော်စွာ တင်ပြလာသော အဆောက်အအုံနှင့်မြေ၏ စံငှားရမ်းခကို အစိုးရ အဖွဲ့၏ခွင့်ပြုချက်ဖြင့် အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(စ) စည်ပင်သာယာရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သုံးလလျှင် အနည်းဆုံးတစ်ကြိမ် အစည်းအဝေး ကျင်းပပြုလုပ်ခြင်း၊

(ဆ) စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ဟိုတယ်ဇုန်၊ ကျောက်မျက်ဇုန်၊ စက်မှုဇုန်၊ မွေးမြူရေးဇုန်နှင့် စီးပွားရေးဇုန်စသည့် ဇုန်များကို အစိုးရအဖွဲ့၏ သတ်မှတ်ချက်နှင့်အညီ စီစဉ်ဖော်ထုတ်ရာတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) စည်ပင်သာယာရေးနှင့်သက်ဆိုင်သော လေလံနှင့် တင်ဒါကိစ္စရပ်များဆောင်ရွက်ရာတွင် ကြီးကြပ်ခြင်း။

၁၃။ မြို့နယ်နှင့် မြို့စည်ပင်သာယာရေးကော်မတီသည် အောက်ပါတာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရမည်-

(က) မြို့နယ်စည်ပင်သာယာရေးကော်မတီသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းတာဝန် များ နှင့် ပတ်သက်၍ တည်ဆဲဥပဒေနှင့်အညီလမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) မြို့စည်ပင်သာယာရေးကော်မတီသည် မြို့စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ တည်ဆဲဥပဒေနှင့်အညီ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

Myanmar Law Information System (MLIS)

(ဂ) မိမိမြို့နယ်၊ မြို့နှင့်သက်ဆိုင်သော စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အကြံပြုချက်များ ရေးဆွဲ၍ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့မှတစ်ဆင့် တိုင်းဒေသကြီးစည်ပင်သာယာရေး ကော်မတီသို့ တင်ပြခြင်း၊

(ဃ) အခွန်၊ အခ၊ အကောက်နှင့် ဒဏ်ကြေးနှုန်းထားများအား ခေတ်နှင့်လျော်ညီသော နှုန်းထားများ အဖြစ် ပြင်ဆင်သတ်မှတ်ခြင်း၊ ဖျက်သိမ်းခြင်းတို့ကို မြို့နယ်၊ မြို့စည်ပင်သာယာရေး အဖွဲ့မှဖြစ်စေ၊ ပြည်သူလူထုမှဖြစ်စေ တင်ပြလာပါက တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့မှတစ်ဆင့် တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီသို့ တင်ပြခြင်း၊

(င) စည်ပင်သာယာရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တစ်လလျှင် အနည်းဆုံးနှစ်ကြိမ် အစည်းအဝေး ကျင်းပပြုလုပ်ခြင်း၊ ကော်မတီဝင်ဦးရေ ထက်ဝက်ကျော်က အစည်းအဝေးပြုလုပ်ပေးရန် စာဖြင့်တင်ပြလာလျှင် အစည်းအဝေးခေါ်ယူကျင်းပ ပေးခြင်း၊

(စ) အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင် လုပ်ငန်လိုင်စင် ထုတ်ပေးထားသည့်စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှု လုပ်ငန်းနှင့် သီးခြားလုပ်ငန်းများအားကြီးကြပ်ခြင်း၊ အခွန်ကောက်ခံခြင်း၊

(ဆ) လုပ်ငန်းလိုအပ်ချက်အရ လုပ်ငန်းအမျိုးအစားအလိုက် အဖွဲ့ငယ်များဖွဲ့စည်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဇ) တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီမှတစ်ဆင့် အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်း သို့မဟုတ် ပြည်တွင်း၊ ပြည်ပပုဂ္ဂိုလ်များနှင့် ဆက်သွယ်၍ စည်ပင်သာယာရေး အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်စေခြင်း၊

(ဈ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အများပြည်သူလေးစားလိုက်နာစေရန် အသိပညာပေးခြင်း၊ စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ည) စည်ပင်သာယာရေးနှင့် သက်ဆိုင်သော စီမံကိန်းများရေးဆွဲဆောင်ရွက်ခြင်းနှင့် ရေးဆွဲထားသည့် စီမံကိန်းများအား အများပြည်သူ သိရှိနိုင်စေရန်ထုတ်ပြန်ရှင်းလင်းခြင်း၊

(ဋ) ပြည်သူလူထုမှ တင်ပြသော စည်ပင်သာယာရေးလုပ်ငန်းများအား စိစစ်ရွေးချယ်၍ ထောက်ခံ တင်ပြပေးခြင်း သို့မဟုတ် ပြည်သူလူထုနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်စေခြင်း၊

(ဌ) စည်ပင်သာယာရေး ဝင်ငွေတိုးတက် ရရှိစေရေးအတွက် လုပ်ငန်းလိုင်စင်အသစ်များ ဖော်ထုတ်ခြင်း၊ စိစစ်ထောက်ခံခြင်း၊

(ဍ) စည်ပင်သာယာရေးနှင့် သက်ဆိုင်သော လေလံများ၊ တင်ဒါများ ချထားရေးကိစ္စတွင် ပွင့်လင်း မြင်သာမှု၊ တာဝန်ခံမှုရှိစေရန် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဎ) အဆောက်အအုံနှင့် မြေခွန်၊ ဝန်ဆောင်ခွန်များ စည်းကြပ်ကောက်ခံရန်အဆောက်အအုံနှင့် မြေ၏ စံငှားရမ်းခကို အခါအားလျော်စွာ သတ်မှတ်ပြင်ဆင်ရန်ကိစ္စနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးစည်ပင် သာယာရေး ကော်မတီထံတင်ပြခြင်း၊

Myanmar Law Information System (MLIS)

(ဏ) မြို့နယ်စည်ပင်သာယာရေးကော်မတီသည် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ပြည်ထောင်စုအစိုးရထံမှဖြစ်စေ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများထံမှဖြစ်စေ တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ငွေချေးယူခြင်း၊ အထောက်အပံ့ရယူခြင်းနှင့် နည်းပညာအကူအညီများ ရယူဆောင်ရွက်ခြင်း၊

(တ) အစိုးရ၏ခွင့်ပြုချက်ဖြင့် အဆောက်အအုံများ ငှားရမ်း၍ဖြစ်စေ၊ မြေငှားရမ်း၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ရရှိသည့်နိုင်ငံခြားငွေကို တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ စည်ပင်သာယာရေးကိစ္စရပ်များအတွက် သုံးစွဲခြင်း၊

(ထ) အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့် သတ်မှတ်ထားသည့် အဆောက်အအုံများမှအပ နိုင်ငံပိုင်အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ စစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိချက်ကို တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီသို့တင်ပြခြင်း၊

(ဒ) အစိုးရအဖွဲ့က တည်ဆဲဥပဒေနှင့်အညီ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

၁၄။ ကော်မတီအဆင့်ဆင့်၏ ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောထားရယူ၍ အစိုးရဝန်ထမ်းများမှအပ မြို့နယ်နှင့်မြို့ကော်မတီဥက္ကဋ္ဌများ၊ ကော်မတီဝင်များ၏ လစဉ်ချီးမြှင့်ငွေ၊ ထောက်ပံ့ငွေနှင့် စရိတ်ငွေများကို သတ်မှတ်ပေးရမည်၊

(ခ) သက်ဆိုင်ရာ အမှုဆောင်အရာရှိက တိုင်းဒေသကြီးကော်မတီသို့ တင်ပြ၍ သင့်လျော်သည့် ရုံးခန်း၊ ရုံးသုံးပရိဘောဂ နှင့် ဝန်ထမ်းများကိုစီစဉ်ဆောင်ရွက်ပေးရမည်၊

(ဂ) ကော်မတီအစည်းအဝေးများတွင် ကော်မတီလုပ်ငန်းကိစ္စများကို ပြောဆိုဆွေးနွေးမှုများနှင့်ပတ်သက်၍ ဥပဒေကြောင်းအရ တရားစွဲဆို ခံပိုင်ခွင့် မရှိစေရ။

## အခန်း (၆)

## စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ

၁၅။ (က) စည်ပင်သာယာရေးအဖွဲ့သည် ကော်မတီ၏ လမ်းညွှန်မှု၊ ကြီးကြပ်ကွပ်ကဲမှုဖြင့် တည်ဆဲဥပဒေနှင့်အညီ အောက်ပါလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်-

(၁) မြို့ပြစီမံကိန်းများ ရေးဆွဲရာတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(၂) ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကြီးကြပ်ခြင်း၊

(၃) လမ်းမီးပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကြီးကြပ်ခြင်း၊

(၄) သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အမှိုက်သိမ်းစနစ်များ စီမံခြင်း၊ အမှိုက်စွန့်ပစ်ရန်နေရာများ သတ်မှတ်ခြင်း၊ အမှိုက်အမျိုးအစားခွဲခြင်းနှင့် ပြန်လည်အသုံးပြုနိုင်မည့်နည်းလမ်းများ သတ်မှတ်ဆောင်ရွက်ခြင်း၊ ကြီးကြပ်ခြင်း၊

(၅) မိလ္လာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကြီးကြပ်ခြင်း၊

(၆) လမ်းဘေးရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရန် ဆောင်ရွက်ခြင်း၊ ကြီးကြပ်ခြင်း၊

Myanmar Law Information System (MLIS)

(၇) စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေး၊ ညဈေးများ တည်ထောင်ခြင်း၊ ကြီးကြပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်း ခြင်း၊

(၈) ပုဂ္ဂလိကဈေးများ တည်ထောင်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(၉) သင့်တော်သည့်နေရာ သတ်မှတ်၍ အခွန်လွတ်ဈေးများ ခွင့်ပြုပေးခြင်း၊ ကြီးကြပ်ခြင်း၊

(၁၀) ကျွဲ၊ နွား ပွဲဈေးများ တည်ထောင်ခြင်း၊ ကြီးကြပ်ခြင်း၊

(၁၁) ကြော်ငြာ၊ ကြော်ငြာဆိုင်းဘုတ်များ စိစစ်ခွင့်ပြုခြင်း၊ ခွင့်ပြုပြီးသော ကြော်ငြာဆိုင်းဘုတ်များတွင် ခွင့်ပြုချက်အမှတ်အသား၊ အမှတ်စဉ်များကို ထင်ရှားစွာ ထည့်သွင်းဖော်ပြခြင်း၊

(၁၂) လမ်းဘေးဈေးဆိုင်များ ယာယီခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊ ဖျက်သိမ်းခြင်း၊

(၁၃) ကုန်ပစ္စည်းရောင်းဝယ်မှုပြုရာတွင် အလေး၊ ချိန်ခွင်၊ အခြင်အတွယ် အတိုင်းအတာများကို သတ်မှတ်စံနှုန်းအတိုင်း မှန်ကန်မှုရှိစေရန် စစ်ဆေးကြပ်မတ်ခြင်း၊

(၁၄) မုန့်ဖို၊ စားသောက်ဆိုင်၊ အိမ်ဆိုင်၊ ကုန်စုံဆိုင်၊ ကုန်ပဒေသာဆိုင်၊ ကုန်တိုက်များ မှတ်ပုံတင်နိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊ ကြီးကြပ်ခြင်း၊

(၁၅) သီးခြားလုပ်ငန်းလိုင်စင် မှတ်ပုံတင်ထားသော လုပ်ငန်းများကို ကြီးကြပ်ခြင်း၊

(၁၆) မီးဘေး၊ ရေဘေး၊ လေဘေး၊ သဘာဝဘေးအန္တရာယ် ကြုံတင်ကာကွယ်ရေး အထောက်အကူပြုလုပ်ငန်းများနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ခြင်း၊

(၁၇) သားသတ်ရုံများတည်ထောင်ခြင်း၊ စားသုံးရန် ခြေလေးချောင်းတိရစ္ဆာန်များ သတ်ဖြတ်ခွင့်ပြုခြင်း၊ အသားရောင်းချခြင်းကို ကြီးကြပ်ခြင်း၊

(၁၈) စီးပွားရေးလုပ်ငန်းအလို့ငှာ ကြက်၊ ဘဲ၊ ငုံး၊ ငါး၊ ပုစွန်များ နေရာသတ်မှတ်၍ သတ်ဖြတ်ခွင့်ပြုခြင်း၊ အသားရောင်းချခြင်းကို ကြီးကြပ်ခြင်း၊

(၁၉) ကော်မတီက စီမံခန့်ခွဲခွင့်ရှိသော ကူးတို့လုပ်ငန်းများကို စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊

(၂၀) တည်ဆဲဥပဒေများနှင့် မဆန့်ကျင်စေဘဲ အပေါင်ဆိုင်များခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(၂၁) အငှားစက်တပ်ယာဉ်ငယ်နှင့် ယာဉ်များအတွက် ယာဉ်ရပ်နားစခန်း သို့မဟုတ် နေရာသတ်မှတ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(၂၂) အနှေးယာဉ်များ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊

(၂၃) လမ်း၊ တံတားများ တည်ဆောက်ခြင်း၊ ဖြတ်သန်းခကောက်ခံခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် လမ်းအသုံးချမှု သတ်မှတ်ခြင်း၊ လမ်းအမည် သတ်မှတ်ခြင်း၊ အဆောက်အအုံ အမှတ်စဉ်သတ်မှတ်ခြင်း၊

(၂၄) စည်ပင်သာယာရေးအဖွဲ့ပိုင် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(၂၅) စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပုဂ္ဂလိက အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုခြင်း၊ ပြင်ဆင်ခွင့်ပြုခြင်း၊ ဆောက်လုပ်ပြီး သို့မဟုတ် ပြင်ဆင်ပြီး အဆောက်အအုံတွင် လူနေထိုင်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

Myanmar Law Information System (MLIS)

(၂၆) စည်ပင်သာယာရေး နယ်နိမိတ်ပြင်ပရှိ ကျေးလက်ဒေသတို့တွင် လိုအပ်ပါက နယ်နိမိတ်ပိုင်းခြား သတ်မှတ်ကြေညာခြင်း၊ ယင်းနယ်နိမိတ်အတွင်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ပုဂ္ဂလိကအဆောက်အအုံ များ ဆောက်လုပ်ခွင့်ပြုခြင်း၊ ပြင်ဆင်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(၂၇) နယ်နိမိတ်ပိုင်းခြားသတ်မှတ်၍ စည်ပင်သာယာရေးဆိုင်ရာ အခွန်အခများ ကောက်ခံသည့် ကျေးလက်ဒေသတို့တွင် စည်ပင်သာယာရေးနှင့်သက်ဆိုင်သော ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေး ခြင်း၊

(၂၈) အစိုးရအဖွဲ့၏ အမိန့်ဖြင့် ကျူးကျော်အဆောက်အအုံများဖျက်သိမ်းခြင်း၊ အစိုးရမှသတ်မှတ်ပေးသော မြေနေရာတွင်စိစစ်၍ ပြန်လည်နေရာချထားခြင်း၊

(၂၉) တည်းခိုခန်းများ၊ ဘော်ဒါဆောင်များ၊ လုံးချင်း သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံ များ ဖွင့်လှစ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(၃၀) မြို့နယ်စည်ပင်သာယာနယ်နိမိတ်အတွင်း တိရစ္ဆာန်များ မွေးမြူခြင်းကို ကြီးကြပ်ခြင်း၊ တိရစ္ဆာန် အသေကောင်များကို ရှင်းလင်းခြင်း၊

(၃၁) လေလွင့်သွားလာနေသော တိရစ္ဆာန်များကို ဖမ်းဆီးထိန်းသိမ်းစီမံခန့်ခွဲခြင်း၊

(၃၂) လေလွင့်သွားလာနေသော ရူးသွပ်သူနှင့် တောင်းရမ်းစားသောက်သူများကို ထိန်းသိမ်း၍ စီမံခန့်ခွဲ ခြင်း၊

(၃၃) ပန်းဥယျာဉ်၊ ပန်းခြံ၊ ကစားကွင်း၊ ရေကူးကန်၊ ရေချိုးဆိပ်၊ အပန်းဖြေနေရာများ တည်ထောင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(၃၄) ကော်မတီပိုင် ပျိုးခြံများတည်ထောင်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ပုဂ္ဂလိက ပျိုးခြံများ ခွင့်ပြုပေးခြင်း၊ ကြီးကြပ်ခြင်း၊

(၃၅) စည်ပင်သာယာနယ်နိမိတ်အတွင်း သုသာန်များ သတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် သင်္ဂြိုဟ်စက်များ တည်ထောင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(၃၆) အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် သုသာန်များကို ဖျက်သိမ်းခြင်း၊ ဖျက်သိမ်းသည့် သုသာန်မြေများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် ညှိနှိုင်း၍ အခြားနည်းအသုံးပြုခြင်း၊

(၃၇) ဝန်ဆောင်မှုလုပ်ငန်းများ ကြီးကြပ်ခြင်း၊

(၃၈) အရအသုံး ငွေစာရင်းရှင်းတမ်းများနှင့် စီမံကိန်းလုပ်ငန်းများကို ခြောက်လတစ်ကြိမ် ထုတ်ပြန်ကြေညာခြင်း၊

(ခ) ကော်မတီသည် ပုဒ်မခွဲ (က) ပါ လုပ်ငန်းတာဝန်များအပြင် အစိုးရအဖွဲ့က တည်ဆဲဥပဒေနှင့်အညီ သတ်မှတ်ပေးသည့် စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

**အခန်း (၇)**

**ကြီးကြပ်ခြင်း**

Myanmar Law Information System (MLIS)

၁၆။ အစိုးရအဖွဲ့သည် စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကော်မတီအဆင့်ဆင့်၏ ဆုံးဖြတ်ချက် သို့မဟုတ် ဆောင်ရွက်ချက်ကို ဥပဒေနှင့်အညီ အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းတို့ကို ပြုလုပ်နိုင်သည်။

၁၇။ ဝန်ကြီးသည် တိုင်းဒေသကြီးအမှုဆောင်အရာရှိ သို့မဟုတ် ကော်မတီ၏လုပ်ငန်း ဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ လိုအပ်သလိုစိစစ်ပြီး အစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၈။ တိုင်းဒေသကြီးအမှုဆောင်အရာရှိသည် တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီ၏ သဘောတူညီချက်ရယူပြီး အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) စည်ပင်သာယာရေးကော်မတီများ၏ သဘောထားမှတ်ချက်ဖြင့် ရေးဆွဲ၍ တင်ပြလာသော စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်း၊ နှစ်တို၊ နှစ်ရှည် စီမံကိန်းများကို စိစစ်၍အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ခ) အရအသုံးခန့်မှန်းခြေ ငွေစာရင်းကြီးကြပ်မှုကို ဆောင်ရွက်ရန်နှင့် လုပ်ငန်းဆောင်ရွက်ရာ၌ ပိုမိုချောမွေ့အဆင်ပြေစေရန် အစိုးရအဖွဲ့ကခွဲဝေပေးသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း၊

(ဂ) စည်ပင်သာယာရေးလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့် ညီညွတ်စေရန် ဆောင်ရွက်ခြင်း၊

(ဃ) စည်ပင်သာယာရေးအဖွဲ့များနှင့် သက်ဆိုင်သော လုပ်ငန်းများ၊ အဆောက်အအုံများ၊ စာရွက်စာတမ်းများ၊ အထောက်အထားများ၊ စာရင်းအင်းများကို စစ်ဆေးခြင်းနှင့် စစ်ဆေးတွေ့ရှိချက် များကိုအစိုးရအဖွဲ့ထံ တင်ပြခြင်း၊

(င) ဥပဒေနှင့်မညီညွတ်သော ကော်မတီ၏ ဆုံးဖြတ်ချက်၊ အမိန့်ဆောင်ရွက်ချက် သို့မဟုတ် ညွှန်ကြားချက်ကို စစ်ဆေးတွေ့ရှိလျှင် ရပ်ဆိုင်းထားစေပြီး တွေ့ရှိချက်ကို အစိုးရအဖွဲ့ထံတင်ပြခြင်း။

## အခန်း (၈)

## စည်ပင်သာယာနယ်နိမိတ်အတွင်း အခွန်စည်းကြပ်ကောက်ခံခြင်း

၁၉။ ကော်မတီ၏ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေးအဖွဲ့သည် စည်ပင်သာယာနယ်နိမိတ်အတွင်း အောက်ပါအခွန်များကို စည်းကြပ်ကောက်ခံနိုင်သည်-

(က) အဆောက်အအုံခွန်၊ ပစ္စည်းခွန်၊

(ခ) စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းနှင့် သီးခြားလုပ်ငန်း လိုင်စင်အပေါ် ကောက်ခံသည့်အခွန်၊

(ဂ) ယာဉ်များ၊ အနှေးယာဉ်များ၊ အငှားစက်တပ်ယာဉ်ငယ်များအပေါ် ကောက်ခံသည့်အခွန်၊

(ဃ) ပြင်ပမှ စည်ပင်သာယာနယ်နိမိတ်အတွင်း ဝင်ရောက်ရပ်နားသော ယာဉ်များ၊ အနှေးယာဉ်များ၊ အငှားစက်တပ်ယာဉ်ငယ်များအပေါ် ကောက်ခံသည့်အခွန်၊

(င) ဤဥပဒေအရခွင့်ပြုသည့် စည်ပင်သာယာရေးဆိုင်ရာ အခြားအခွန်များ။

Myanmar Law Information System (MLIS)

၂၀။ ကော်မတီသည် အဆောက်အအုံခွန်၊ ပစ္စည်းခွန်များ၊ စည်းကြပ်ကောက်ခံရန် အဆောက်အအုံနှင့် မြေ၏ စံငှားရမ်းခတန်ဖိုးကို နှစ်စဉ်သတ်မှတ်၍ တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီထံသို့ တင်ပြရမည်။

၂၁။ ကော်မတီ၏ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေးအဖွဲ့သည် အောက်ပါအခြေခံအချက်များအပေါ် မူတည်၍ အခွန်များ စည်းကြပ်ခြင်း၊ ကောက်ခံခြင်းပြုရမည်-

(က) အဆောက်အအုံခွန်ကို စည်းကြပ်ရာတွင် စံငှားရမ်းခ တန်ဖိုး၏ ငါးရာခိုင်နှုန်းထက် မပိုစေဘဲ စည်းကြပ်ရန်၊ လူနေထိုင်ခြင်းမရှိပါက ပိုင်ဆိုင်မှုပမာဏအပေါ်အခြေခံ၍ သီးခြားနှုန်းထား တိုးမြှင့် သတ်မှတ်ရန်။

(ခ) ရေခွန်၊ မီးခွန်၊ အမှိုက်နှင့် အညစ်အကြေးခွန်၊ အမှိုက်သိမ်းဆည်းခများ စည်းကြပ်ရာတွင် ဝင်ငွေနှင့် အသုံးစရိတ်မျှတစေရန်၊

(ဂ) စည်ပင်သာယာလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန်နှင့် စည်ပင်သာယာရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန်၊

(ဃ) အဆောက်အအုံခွန်ကို ပိုင်ရှင်ထံမှ စည်းကြပ်ကောက်ခံရန်၊

(င) ရေခွန်၊ မီးခွန်၊ အမှိုက်နှင့်အညစ်အကြေးခွန်၊ အမှိုက်သိမ်းဆည်းခကို ပိုင်ရှင် သို့မဟုတ် နေထိုင်သူထံမှ စည်းကြပ်ကောက်ခံရန်၊

(စ) ပြည်ထောင်စုအစိုးရကဖြစ်စေ၊ တိုင်းဒေသကြီးအစိုးရကဖြစ်စေ၊ စီမံခန့်ခွဲသော အဆောက်အအုံများ အပေါ် အဆောက်အအုံခွန်စည်းကြပ်ရာတွင် ယင်းအဆောက်အအုံမှ စံငှားရမ်းခ တန်ဖိုး၏ ငါးရာခိုင်နှုန်း ထက်မပိုစေဘဲ စည်းကြပ်ရန်၊

(ဆ) မြေနှင့် အဆောက်အအုံများအပေါ် နှစ်စဉ်တန်ဖိုး၏ ငါးရာခိုင်နှုန်းထက်မပိုစေဘဲ အထွေထွေခွန် စည်းကြပ်ရန်။

၂၂။ ကော်မတီ၏ ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေးအဖွဲ့သည် စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ သီးခြားလုပ်ငန်း၊ ပုဂ္ဂလိကဈေး၊ ကုန်တိုက်၊ ကုန်ပဒေသာဆိုင်၊ ကုန်စုံဆိုင်၊ အိမ်ဆိုင်၊ လမ်းဘေးဈေးဆိုင် စသည်တို့၏ လိုင်စင်ခများနှင့် အခွန်အခများ၊ စည်ပင်သာယာဈေး၊ ယာယီဈေး၊ ညဈေးများမှ ဈေးဆိုင်ခန်းခ၊ ဈေးကောက်နှုန်းထားများ တည်ထောင်ခွင့် လိုင်စင်ခတို့ကို နှစ်စဉ်သတ်မှတ်ကောက်ခံ ခြင်း၊ ပြင်ဆင်ကောက်ခံခြင်း ပြုနိုင်သည်။

၂၃။ ကော်မတီသည် အခွန်တစ်ရပ်ရပ်ကို ဖျက်သိမ်းခြင်း၊ အခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊ လျှော့ပစ်ခြင်းတို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) စည်းကြပ်သောအခွန်တစ်ရပ်ရပ်ကို အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် နှုန်းထားပြင်ဆင်ခြင်း၊ ကောက်ခံခြင်း၊ ခေတ္တရပ်ဆိုင်းခြင်း၊ ဖျက်သိမ်းခြင်း၊

(ခ) ခိုင်လုံသောအကြောင်းရှိပါက အခွန်ထမ်းတစ်ဦးဦး ပေးဆောင်ရန်ရှိလာသော အခွန်ကိုကင်းလွတ် ခွင့်ပြုခြင်း၊ လျှော့ပစ်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပေးဆောင်ပြီးသော အခွန်ကို ပြန်လည်ထုတ်ပေးခြင်း။

Myanmar Law Information System (MLIS)

၂၄။ မြို့နယ်အမှုဆောင်အရာရှိသည် အခွန်အကြွေးကျန်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) အခွန်ကြွေးကျန်များကို မြေခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ ကောက်ခံခြင်း၊

(ခ) ပုဒ်မခွဲ (က) ပါကိစ္စဆောင်ရွက်ရန်အလို့ငှာ တည်ဆဲဥပဒေများအရ ကော်လိတ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

၂၅။ ကော်မတီသည် အောက်ပါတို့အပေါ် နိုင်ငံခြားငွေဖြင့် ပစ္စည်းခွန်စည်းကြပ်နိုင်သည်-

(က) နိုင်ငံခြားငွေဖြင့် ငှားရမ်းခရယူ၍ အငှားချထားသော လူနေအိမ်အခန်း၊ မြေနှင့် အဆောက်အအုံ များ၊

(ခ) နိုင်ငံခြားငွေဖြင့် အခန်းခနှင့် ဝန်ဆောင်ခရယူလျက်ရှိသော ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာနှင့် တည်းခိုရိပ်သာများ၊

(ဂ) ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ကိုင်လျက်ရှိသော လုပ်ငန်းများနှင့် သက်ဆိုင်သော မြေနှင့် အဆောက်အအုံများ။

၂၆။ ကော်မတီသည် အောက်ဖော်ပြပါ မြေနှင့် အဆောက်အအုံများအပေါ် ပစ္စည်းခွန် စည်းကြပ်ခြင်း မပြုရ-

(က) ဘာသာရေးနှင့်သက်ဆိုင်သည့် မြေနှင့် အဆောက်အအုံများ၊

(ခ) အများပြည်သူ အသုံးပြုသည့် မြေနှင့် အဆောက်အအုံများ၊ ကော်မတီပိုင်မြေနှင့် အဆောက်အအုံ များ၊

(ဂ) သုသာန်များ၊

(ဃ) အစိုးရစာသင်ကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ အခမဲ့ပညာသင်ကျောင်း များ၊

(င) ပြည်သူ့ဆေးရုံနှင့် သက်ဆိုင်သည့် အဆောက်အအုံများ၊ အခမဲ့ ဆေးရုံဆေးခန်းများ၊

(စ) နိုင်ငံတော် ကာကွယ်ရေးနှင့်သက်ဆိုင်သည့် လျှို့ဝှက်အဆင့် သတ်မှတ်ထားသည့် အဆောက်အအုံ များ။

၂၇။ ကော်မတီသည် ထူးခြားသည့်အကြောင်းကိစ္စများနှင့်စပ်လျဉ်း၍ သီးခြားအမိန့်ညွှန်ကြားချက် တစ်စုံတစ်ရာ ထုတ်ပြန်ထားခြင်းမရှိလျှင် အောက်ဖော်ပြပါမြေနှင့် အဆောက်အအုံများကို ဘာသာရေး အတွက် သီးသန့်သုံးစွဲသည့်မြေနှင့် အဆောက်အအုံဖြစ်သည်ဟု မမှတ်ယူရ-

(က) စီးပွားရေးလုပ်ငန်းတစ်ခုခု လုပ်ကိုင်သည့် မြေနှင့် အဆောက်အအုံများ၊

(ခ) ငှားရမ်းခကို ဘာသာရေးအတွက် အသုံးပြုသည်ဖြစ်စေ၊ အသုံးမပြုသည်ဖြစ်စေ ငှားရမ်းခရရှိသည့် မြေနှင့် အဆောက်အအုံများ။

၂၈။ ကော်မတီသည် ပုဒ်မ ၂၇ တွင် အကျုံးဝင်သည့် မြေနှင့်အဆောက်အအုံကို သီးခြားပစ္စည်းဖြစ်သည် ဟု မှတ်ယူ၍ ပစ္စည်းခွန် စည်းကြပ်နိုင်သည်။

Myanmar Law Information System (MLIS)

၂၉။ ကော်မတီသည် စည်ပင်သာယာနယ်နိမိတ်အတွင်း မြေနှင့် အဆောက်အအုံများအပေါ် မီးခွန် စည်းကြပ်နိုင်သည်။

၃၀။ ကော်မတီသည် စည်ပင်သာယာနယ်နိမိတ်အတွင်း အောက်ဖော်ပြပါ မြေနှင့် အဆောက်အအုံ များအပေါ် ရေခွန်စည်းကြပ်ရမည်-

(က) သောက်သုံးရေနှင့် အိမ်သုံးရေများကို လုံလောက်စွာ ဖြန့်ဝေပေးမည်ဟု ကြေညာထားသော နေရာဒေသအတွင်းရှိ မြေနှင့်အဆောက်အအုံများ၊

(ခ) ကော်မတီ၏ ရေပေးဝေရေးစနစ်မှ ရေသွယ်ယူ အသုံးပြုနေသော မြေနှင့် အဆောက်အအုံများ၊

၃၁။ ကော်မတီသည် စည်ပင်သာယာနယ်နိမိတ်အတွင်း အောက်ဖော်ပြပါ မြေနှင့် အဆောက်အအုံများ အပေါ် အမှိုက်နှင့်အညစ်အကြေးခွန် စည်းကြပ်ရမည်-

(က) ကော်မတီက တာဝန်ယူ၍ အမှိုက်နှင့် အညစ်အကြေးများ သိမ်းဆည်းပေးမည်ဟု ကြေညာထား သော နေရာဒေသအတွင်းရှိ မြေနှင့် အဆောက်အအုံများ၊

(ခ) ကော်မတီ၏ မိလ္လာပြွန်စနစ်ရှိသည့် နေရာဒေသအတွင်းရှိ မြေနှင့်အဆောက်အအုံများ။

၃၂။ မြေ၊ အဆောက်အအုံနှင့် သက်ဆိုင်သည့် ပိုင်ရှင်၊ နေထိုင်သူ သို့မဟုတ် အသုံးပြုသူသည် ကော်မတီက သတ်မှတ်ထားသော ပစ္စည်းခွန်ကို စုပေါင်း၍ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ ပေးဆောင်နိုင် သည်။ ပစ္စည်းခွန်ပေးဆောင်ခြင်းသည် မြေပိုင်ဆိုင်မှုအတွက် သက်သေအထောက်အထားမဖြစ်စေရ။

၃၃။ ကော်မတီသည် စည်ပင်သာယာနယ်နိမိတ်အတွင်း မြေ၊ အဆောက်အအုံကို ပိုင်ရှင်က အခကြေးငွေ ရယူပြီး ငှားရမ်းထားလျှင် ယင်းမြေ၊ အဆောက်အအုံအပေါ် ပစ္စည်းခွန်စည်းကြပ်ရာ၌ ငှားရမ်းခရရှိငွေ စုစုပေါင်း၏ သတ်မှတ်သော ရာခိုင်နှုန်းကို နှစ်စဉ်တန်ဖိုးတွင် ထပ်မံထည့်သွင်း သတ်မှတ်နိုင်သည်။

၃၄။ ကော်မတီသည် စည်ပင်သာယာနယ်နိမိတ်အတွင်း မြေ၊ အဆောက်အအုံကို အသုံးပြုသူက အခကြေးငွေရယူပြီး ထပ်ဆင့်ငှားရမ်းထားလျှင် ယင်းမြေ၊ အဆောက်အအုံအပေါ် ပစ္စည်းခွန်စည်းကြပ် ရာ၌ ငှားရမ်းခရရှိငွေကို အခြေပြု၍ တိုးမြှင့်စည်းကြပ်နိုင်သည်။

၃၅။ စည်ပင်သာယာနယ်နိမိတ်အတွင်း မြေ၊ အဆောက်အအုံတွင် အနည်းဆုံးခြောက်လ မည်သူမျှ နေထိုင်အသုံးပြုခြင်းမရှိဘဲ လစ်လပ်နေလျှင်ဖြစ်စေ၊ ငှားရမ်းထားရှိခြင်း မပြုလျှင်ဖြစ်စေ ယင်းမြေ၊ အဆောက်အအုံ၏ပိုင်ရှင်သည် ကော်မတီက သီးခြားသတ်မှတ်စည်းကြပ်သည့် ပစ္စည်းခွန်ကို ပေးဆောင် ရမည်။

၃၆။ ကော်မတီသည် စည်ပင်သာယာနယ်နိမိတ်အတွင်း အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း တစ်ခုခုက ပိုင်ဆိုင်သည့် မြေ၊ အဆောက်အအုံတွင် လူနေထိုင်အသုံးပြုရန် အခကြေးငွေရယူပြီး ငှားရမ်း ထားလျှင် ယင်းမြေ၊ အဆောက်အအုံအပေါ် ပစ္စည်းခွန်စည်းကြပ်ရာ၌ လက်ရှိနေထိုင်သူကိုဖြစ်စေ၊ အသုံးပြုသူကိုဖြစ်စေ ပစ္စည်းခွန်စည်းကြပ်နိုင်သည်။

၃၇။ ကော်မတီသည် ပုဂ္ဂိုလ်တစ်ဦးဦး အပေါ်၌လည်းကောင်း၊ အဖွဲ့အစည်းတစ်ရပ်ရပ်အပေါ်၌ လည်းကောင်း စည်းကြပ်သော ပစ္စည်းခွန်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ခိုင်လုံသော အကြောင်းပြချက်ဖြင့် ကင်းလွတ်ခွင့်ပြုနိုင်သည်။

Myanmar Law Information System (MLIS)

၃၈။ ကော်မတီသည် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြေနှင့်အဆောက်အအုံများအပေါ် ပစ္စည်းခွန် စည်းကြပ်ရာ၌ အထောက်အကူဖြစ်စေရန်အတွက် သင့်လျော်မည့်စနစ်ဖြင့် မြေနှင့် အဆောက်အအုံ အမှတ်ကို သတ်မှတ်ပေးရမည်။ မြေ၊ အဆောက်အအုံနှင့် သက်ဆိုင်သည့် ပိုင်ရှင်၊ နေထိုင်သူ သို့မဟုတ် အသုံးပြုသူသည် ကော်မတီက သတ်မှတ်ပေးသည့် မြေနှင့်အဆောက်အအုံအမှတ်ကို သတ်မှတ်သည့် အရွယ်အစားအတိုင်း ရေးသားချိတ်ဆွဲထားရမည်။

၃၉။ ကော်မတီသည် စီးပွားရေးအဆောက်အအုံများပေါ်တွင် သီးခြားနှုန်းထားသတ်မှတ်၍ အဆောက်အအုံခွန် ကောက်ခံနိုင်သည်။

၄၀။ ကော်မတီသည် မြေနှင့်အဆောက်အအုံ၏ နှစ်စဉ် တန်ဖိုးသတ်မှတ်ရန်အလို့ငှာ အောက်ဖော်ပြပါ အချက်အလက်များကို ပြည့်စုံစွာစာရင်းပြုစု၍ ထည့်သွင်းတွက်ချက်ရမည်-

(က) အဆောက်အအုံနှင့် သက်ဆိုင်သည့် ပိုင်ရှင်၊ နေထိုင်သူ သို့မဟုတ် အသုံးပြုသူ၏ အမည်နှင့် နေရပ်လိပ်စာ၊

(ခ) အဆောက်အအုံ၏ အကျယ်အဝန်း အတိုင်းအတာ၊ အမျိုးအစား ခန့်မှန်းခြေကာလတန်ဖိုးနှင့် ငှားရမ်းခ၊

(ဂ) အဆောက်အအုံတွင် စီးပွားရေးလုပ်ငန်းအလို့ငှာ လုပ်ငန်းသုံးပစ္စည်း၊ စက်ယန္တရား သို့မဟုတ် စက်မှု ကိရိယာတပ်ဆင်ထားလျှင် ယင်း၏ခန့်မှန်းခြေကာလတန်ဖိုး၊ ခန့်မှန်းငှားရမ်းခ၊ ထုတ်လုပ်မှုတန်ဖိုး၊ လည်ပတ်သုံးစွဲမှု၊ ရငွေသုံးငွေဆိုင်ရာ ငွေစာရင်းဇယားများ။

၄၁။ မြေနှင့်အဆောက်အအုံ၏ ပိုင်ရှင်၊ နေထိုင်သူ သို့မဟုတ် အသုံးပြုသူသည် ပုဒ်မ ၄၀ တွင် ဖော်ပြသည့် အချက်အလက်များကို မပျက်မကွက် မှန်ကန်စွာ တင်ပြရန် တာဝန်ရှိသည်။

၄၂။ ကော်မတီသည် ပုဒ်မ ၄၀ တွင် ဖော်ပြသည့် အချက်အလက်များကို စာရင်းပြုစုရာတွင် ပိုင်ရှင် သို့မဟုတ် နေထိုင်သူက မမှန်မကန် တင်ပြကြောင်း စိစစ်တွေ့ရှိလျှင်ဖြစ်စေ၊ အချက်အလက်များကို တင်ပြရန် ပျက်ကွက်ခဲ့လျှင်ဖြစ်စေ၊ တစ်စုံတစ်ဦးကလိမ်လည်ခြင်းကြောင့်ဖြစ်စေ၊ လွဲမှားစည်းကြပ်ခြင်း ကြောင့်ဖြစ်စေ၊ နှစ်စဉ် တန်ဖိုးနှင့်ပတ်သက်၍ သက်ဆိုင်ရာ ပုဂ္ဂိုလ်အား အကြောင်းကြားကာ ပြင်ဆင် ရမည်။

၄၃။ ကော်မတီသည် အဆောက်အအုံပိုင်ရှင်က အခကြေးငွေရယူပြီး ပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ၊ အများကို ဖြစ်စေ၊ ငှားရမ်းထားလျှင် အဆိုပါမြေ၊ အဆောက်အအုံအပေါ် ပစ္စည်းခွန်စည်းကြပ်ရာ၌ ပစ္စည်းတစ်ခု တည်းအနေဖြင့်လည်းကောင်း၊ သီးခြားနေထိုင်သူ တစ်ဦးချင်း၏ သီးခြားပစ္စည်းအနေဖြင့်လည်းကောင်း သတ်မှတ်၍ ပစ္စည်းခွန်ကို သီးခြားစည်းကြပ်နိုင်သည်။

၄၄။ ကော်မတီသည် ပစ္စည်းခွန် ခွဲဝေပုံစာရင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) ဘဏ္ဍာရေးနှစ်အလိုက် ပစ္စည်းခွန် ခွဲဝေပုံစာရင်းပြုစုထားရှိရမည်၊

(ခ) ဘဏ္ဍာရေးနှစ်အလိုက် ပြုစုထားသော ပစ္စည်းခွန် ခွဲဝေပုံစာရင်းကို မည်သူမဆို လာရောက်ကြည့်ရှု နိုင်သည်ဟု ကြေညာရမည်၊

Myanmar Law Information System (MLIS)

(ဂ) ပစ္စည်းအရပ်ရပ်အတွက် နှစ်စဉ်တန်ဖိုးသတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ မကျေနပ်လျှင် ကြေညာသည့် နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်းမည်သူမဆို စာဖြင့်တင်ပြကန့်ကွက်နိုင်သည်ဟု ကြေညာချက်တွင် ဖော်ပြရမည်၊

(ဃ) ယခင်ဘဏ္ဍာရေးနှစ်အလိုက် ပြုစုထားသော ပစ္စည်းခွန်ခွဲဝေပုံစာရင်းကို အခြေခံ၍ လာမည့် ဘဏ္ဍာရေးနှစ်အတွက် လိုအပ်သလိုပြင်ဆင် အသုံးပြုနိုင်သည်။

၄၅။ ကော်မတီသည် နှစ်စဉ်တန်ဖိုးသတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်လွှာကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ပုဒ်မ ၄၄၊ ပုဒ်မခွဲ (ဂ) အရ တင်သွင်းလာသော ကန့်ကွက်လွှာကို သတ်မှတ်ချက်နှင့်အညီ ကြားနာ စစ်ဆေးရမည်၊

(ခ) ကန့်ကွက်လွှာကို ကြားနာစစ်ဆေးပြီးသည့်အခါ နှစ်စဉ်တန်ဖိုးသတ်မှတ်ခြင်းနှင့် ပတ်သက်သည့် အမိန့်ချမှတ်ရမည်၊

(ဂ) ချမှတ်သည့်အမိန့်အတိုင်း ပစ္စည်းခွန် ခွဲဝေပုံစာရင်းတွင် လိုအပ်သလိုပြင်ဆင်ရမည်။

၄၆။ သက်ဆိုင်ရာပုဂ္ဂိုလ်သည် ကော်မတီက ပုဒ်မ ၄၂ အရ နှစ်စဉ်တန်ဖိုးသတ်မှတ်ခြင်းကို ပြင်ဆင်ကြောင်း အကြောင်းကြားလျှင် ရက်ပေါင်း (၃၀) အတွင်း ကော်မတီသို့စာဖြင့် ကန့်ကွက်လွှာ တင်သွင်းခွင့်ရှိသည်။

၄၇။ ကော်မတီသည် ကန့်ကွက်လွှာအရ ကန့်ကွက်သူအား ကြားနာစစ်ဆေးပြီးနှစ်စဉ် တန်ဖိုးသတ်မှတ် ခြင်းကို ပြင်ဆင်အမိန့်ချမှတ်နိုင်သည်။

၄၈။ ကော်မတီသည် ပစ္စည်းခွန်ခွဲဝေပုံစာရင်း အတည်ပြုပြီးနောက် အသစ်ဆောက်လုပ်ပြီးစီးသည့် အဆောက်အအုံတွင် နေထိုင်ခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပစ္စည်းခွန်စည်းကြပ်ရန် နောက်ဆက်တွဲ ပစ္စည်းခွန်ခွဲဝေပုံစာရင်း၌ ထည့်သွင်းဖော်ပြပြီး ပစ္စည်းခွန် စည်းကြပ်ရမည်။

၄၉။ ပုဒ်မ ၄၀ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၄၇ တို့အရ နှစ်စဉ်တန်ဖိုး သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ ကော်မတီက ယင်း၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် လွှဲအပ်ထားသော ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်က ချမှတ်သည့်အမိန့်အပေါ် မကျေနပ်ပါက ပစ္စည်းခွန်စည်းကြပ်ခြင်းခံရသူသည်-

(က) တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီ၊ အစိုးရအဖွဲ့သို့ အဆင့်ဆင့်အယူခံပိုင်ခွင့်ရှိသည်၊

(ခ) အယူခံလွှာကို ပစ္စည်းခွန်ထမ်းဆောင်ရန် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း တင်သွင်းရမည်၊

(ဂ) စည်းကြပ်ခြင်းခံရသော ပစ္စည်းခွန်ကို ပေးဆောင်ပြီးမှသာ အယူခံပိုင်ခွင့်ရှိသည်။

၅၀။ ပုဒ်မ ၄၉ အရ အယူခံအမှုတွင် အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၅၁။ ပစ္စည်းခွန်စည်းကြပ်ခြင်းခံရသူသည် အယူခံအမှုတွင် အနိုင်ရရှိပါက ပေးသွင်းထားသည့် ပစ္စည်းခွန် အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ဆုံးဖြတ်ချက်နှင့်အညီ ပြန်လည်တောင်းခံပိုင်ခွင့်ရှိသည်။

Myanmar Law Information System (MLIS)

၅၂။ ကော်မတီက ပုဒ်မ ၄၀ အရ လိုအပ်သော အသေးစိတ်အချက်အလက်များကို စိစစ်ပြီးသည့်နောက် ပစ္စည်းခွန်စည်းကြပ်ထားသော မြေ၊ အဆောက်အအုံနှင့် သက်ဆိုင်သည့် ပိုင်ရှင်၊ နေထိုင်သူ သို့မဟုတ် အသုံးပြုသူသည် ငှားရမ်းခပြောင်းလဲလျှင် ယင်းကဲ့သို့ ငှားရမ်းခ ပြောင်းလဲသည့်နေ့မှရက်ပေါင်း ၃၀ အတွင်း ကော်မတီသို့စာဖြင့်အကြောင်းကြားရမည်။

၅၃။ မြေ၊ အဆောက်အအုံနှင့်သက်ဆိုင်သည့် ပိုင်ရှင်၊ နေထိုင်သူ သို့မဟုတ် အသုံးပြုသူသည် ငှားရမ်းခ ပြောင်းလဲခြင်းကို ပုဒ်မ ၅၂ အရ ကော်မတီသို့စာဖြင့် အကြောင်းကြားရန် ပျက်ကွက်လျှင် ပစ္စည်းခွန် စည်းကြပ်မှုအပေါ် ကန့်ကွက်ပိုင်ခွင့်မရှိစေရ။

၅၄။ မြေ၊ အဆောက်အအုံနှင့် သက်ဆိုင်သည့် ပိုင်ရှင်၊ နေထိုင်သူ သို့မဟုတ် အသုံးပြုသူသည် ပုဒ်မ ၅၃ အရ အကြောင်းကြားစာရရှိလျှင် ကော်မတီသို့ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြစ်စေ မပျက်မကွက် သွားရောက်ရန်နှင့်မေးမြန်းချက်ကို မှန်ကန်စွာ ဖြေဆိုရန် တာဝန်ရှိသည်။

၅၅။ ကော်မတီသည် ပိုင်ရှင်က အဆောက်အအုံတစ်ခုလုံးကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ ပျက်စီးခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းကြောင့် ပစ္စည်းခွန်ကို လျှော့ပေါ့ရန် သို့မဟုတ် ပြန်အမ်းရန် လျှောက်ထားလာလျှင် သင့်လျော်သည့် ပစ္စည်းခွန်ကို လျှော့ပေါ့ခြင်း သို့မဟုတ် ပြန်အမ်းခြင်းပြုနိုင်သည်။

၅၆။ စီးပွားရေးလုပ်ငန်းအတွက် အသုံးပြုသော စက်ရုံ၊ အလုပ်ရုံပိုင်ရှင် သို့မဟုတ် အသုံးပြုသူသည်-

(က) လုပ်ငန်းသဘာဝအလျောက် စက်ရုံ၊ အလုပ်ရုံပိတ်ထားရသည့် အချိန်ကာလအတွက် ပစ္စည်းခွန် လျှော့ပေါ့ရန် သို့မဟုတ် ပြန်အမ်းရန် တောင်းခံပိုင်ခွင့် မရှိစေရ။

(ခ) လုပ်ငန်းသဘာဝနှင့် လုံးဝပတ်သက်ခြင်းမရှိဘဲ စက်ရုံ၊ အလုပ်ရုံ ပိတ်ထားရလျှင် အဆိုပါ ပိတ်ရက်များအတွက် ဥပဒေနှင့်အညီ ပစ္စည်းခွန် လျှော့ပေါ့ရန် သို့မဟုတ် ပြန်အမ်းရန် တောင်းခံပိုင်ခွင့်ရှိ သည်။

၅၇။ မြေ၊ အဆောက်အအုံပိုင်ရှင်သည်-

(က) ပုဒ်မ ၅၅ အရ ပစ္စည်းခွန် လျှော့ပေါ့ရန် သို့မဟုတ် ပြန်အမ်းရန် (၆) လအတွင်း တောင်းခံပိုင်ခွင့် ရှိသည်၊

(ခ) ပုဒ်မ ၅၆ အရ ပစ္စည်းခွန် လျှော့ပေါ့ရန် သို့မဟုတ် ပြန်အမ်းရန် (၁) နှစ်အတွင်း တောင်းခံပိုင်ခွင့် ရှိသည်၊

(ဂ) တောင်းခံရာတွင် သတ်မှတ်သည့်ကာလအတွင်း တောင်းခံရန်ပျက်ကွက်ပါက ပစ္စည်းခွန် လျှော့ပေါ့ရန် သို့မဟုတ် ပြန်အမ်းရန်တောင်းခံပိုင်ခွင့်မရှိစေရ။

၅၈။ ကော်မတီသည် ဤဥပဒေအရ ပစ္စည်းခွန်လျှော့ပေါ့ခြင်း သို့မဟုတ် ပြန်အမ်းခြင်း တွက်ချက်ရာ၌ ၁၀ ရက်ထက်နည်းသောရက်များကို ထည့်သွင်းတွက်ချက်ခြင်း မပြုရ။

၅၉။ ကော်မတီသည် စည်ပင်သာယာနယ်နိမိတ်အတွင်း ပစ္စည်းခွန် ကောက်ခံခြင်းနှင့်စပ်လျဉ်း၍ နယ်မြေအတန်းအစား ပိုင်းခြားသတ်မှတ်ခြင်း၊ နယ်မြေအတန်းအစားလိုက် ပစ္စည်းခွန် စည်းကြပ်ခြင်း၊ ပိုင်းခြားထားသော နယ်မြေအတန်းအစားကို အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်ခြင်းပြုနိုင်သည်။

Myanmar Law Information System (MLIS)

၆၀။ ကော်မတီသည် ပစ္စည်းခွန်ကို တစ်နှစ်လျှင် တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်ကောက်ခံရမည်။ ယင်းသို့ ကောက်ခံရန် အခွန်ခွဲဝေပုံစာရင်းကို စည်ပင်သာယာရေးအဖွဲ့ကပြုစုပြီး မြို့နယ်အမှုဆောင်အရာရှိက အတည်ပြုလက်မှတ်ရေးထိုးရမည်။

၆၁။ ကော်မတီသည်-

(က) ပစ္စည်းခွန်ကောက်ခံရန်သင့်လျော်သည့် ဝန်ထမ်း သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအား တာဝန် ပေးအပ်နိုင်သည်၊

(ခ) ပစ္စည်းခွန်ကောက်ခံသည့် ဝန်ထမ်း သို့မဟုတ် အဖွဲ့အစည်းအား ၁ နှစ်အတွက် ပစ္စည်းခွန် ကောက်ခံ ပေးသွင်းသည့် ငွေအပေါ်တွင်ကော်မတီက အခါအားလျော်စွာ သတ်မှတ်သည့်နှုန်းထားဖြင့် ခိုင်ကြေး ထုတ်ပေးရမည်။

၆၂။ ကော်မတီသည် ပစ္စည်းခွန်ကောက်ခံရာ၌ ပြေစာတွင်ဖော်ပြသည့် ကျသင့်ငွေကို တိကျစွာ ကောက်ခံ ၍ ပြေစာကို သက်ဆိုင်ရာပစ္စည်းခွန်စည်းကြပ်ခြင်းခံရသူအား ချက်ချင်းပေးရန်နှင့် အမှတ်တကယ် ပေးဆောင်ပြီးသော ပစ္စည်းခွန်ကို ထပ်မံကောက်ခံမှုများ မပြုလုပ်ရန် ကြီးကြပ်ခြင်း၊ ထပ်မံကောက်ခံပါ က အခွန်ထမ်းပြည်သူအား ပြန်လည်ပေးအပ်ခြင်းပြုရမည်။

၆၃။ ကော်မတီသည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မော်တော်ယာဉ်များအတွက် မော်တော် ယာဉ်အမျိုးအစားအလိုက် ကောက်ခံမည့်ဘီးခွန်၊ မော်တော်ယာဉ်ညအိပ်ခွန်နှင့် မော်တော်ယာဉ်ရပ်နား ခများကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ စည်းကြပ်ခြင်း ပြုနိုင်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်းရမည်။

၆၄။ မည်သူမဆို မိမိပိုင်သော သို့မဟုတ် မိမိလက်ဝယ်ရှိသော မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော ဘီးခွန်၊ မော်တော်ယာဉ်ညအိပ်ခွန်နှင့်မော်တော်ယာဉ် ရပ်နားခများကို ပေးဆောင် ရမည်။

၆၅။ ကော်မတီသည် စည်ပင်သာယာဘီးခွန်ပေးဆောင်ပြီးသော ယာဉ်များကိုသာ မော်တော်ယာဉ် မှတ်ပုံတင် သက်တမ်းတိုးပေးနိုင်ရန် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက် ရမည်။

## အခန်း (၉)

## စည်ပင်သာယာရေးလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ စီမံခန့်ခွဲခြင်း

၆၆။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အဆောက် အအုံ၊ မြေတို့နှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန်၊ အဆောက်အအုံပိုင်ရှင်၊ မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားခြင်းနှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက ကော်မတီမှ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက် ရမည်-

Myanmar Law Information System (MLIS)

(က) ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိဘဲဖြစ်စေ၊ အဆောက်အအုံ ဆောက်လုပ်သည်ကို သို့မဟုတ် ပြင်ဆင်ဆောက်လုပ်သည်ကို ရပ်ဆိုင်းထားစေခြင်း၊ ပြန်လည်ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း သို့မဟုတ် အစိုးရအဖွဲ့၏ အမိန့်ဖြင့် ဖြိုဖျက်ခြင်း၊

(ခ) အများပြည်သူနှင့်သက်ဆိုင်သော မြေ၊ လေ၊ လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက် စသည်များပေါ်တွင် ဝင်းခြံနေရာတိုးချဲ့သတ်မှတ်ခြင်း၊ အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏ အစိတ်အပိုင်းကို ဖြစ်စေ ကျူးကျော်ဆောက်လုပ်သည်ကို ဖယ်ရှားစေခြင်း သို့မဟုတ် အစိုးရအဖွဲ့၏ အမိန့်ဖြင့် ဖယ်ရှား ခြင်း၊

(ဂ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ တံတားတည်ဆောက်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်းပြုရာတွင် မလွတ်ကင်းသော ဝင်းခြံမြေနေရာ အဆောက်အအုံ သို့မဟုတ် အဆောက်အအုံ၏ အစိတ်အပိုင်းကို ဖယ်ရှားစေခြင်း သို့မဟုတ် အစိုးရအဖွဲ့၏ အမိန့်ဖြင့် ဖယ်ရှားခြင်း၊

(ဃ) အများပြည်သူဆိုင်ရာနေရာတွင် ရေစီးရေလာနှင့် ယာဉ်အသွားအလာကို အနှောင့်အယှက်ဖြစ်စေသော အရာများကို ဖယ်ရှားစေခြင်း သို့မဟုတ် ဖယ်ရှားခြင်း၊

(င) အန္တရာယ်ရှိစေနိုင်သော၊ လူနေထိုင်ရန်မသင့်လျော်သော သို့မဟုတ် မြို့အင်္ဂါရပ်နှင့် မညီညွတ်သော အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏ အစိတ်အပိုင်းကိုဖြစ်စေ ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း၊ နေထိုင်သူ များကိုဖယ်ရှားစေခြင်း၊ အစိုးရအဖွဲ့၏ အမိန့်ဖြင့် ဖယ်ရှားခြင်း သို့မဟုတ် ဖြိုဖျက်ခြင်း၊

(စ) အဆောက်အအုံ၊ ဝင်းခြံတို့ကို ဆေးသုတ်စေခြင်း သို့မဟုတ် ထုံးသုတ်စေခြင်း၊

(ဆ) အမှုအခင်းဖြစ်ပွားနေသောအိမ်ခြံမြေ၊ ဝင်းခြံမြေများမှအပ ဝင်းခြံမခတ်သည့်မြေကို ဝင်းခြံခတ်စေခြင်း သို့မဟုတ် မပြုပြင်သည့်ဝင်းခြံကို ပြုပြင်စေခြင်း၊

(ဇ) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် သန့်ရှင်းသပ်ရပ်မှုမရှိသည့် သစ်ပင်၊ ခြုံနွယ်များကို ခုတ်ထွင်းရှင်းလင်းစေခြင်း သို့မဟုတ် ရှင်းလင်းခြင်း၊ ချိုင့်ဝှမ်းကို မြေဖို့စေခြင်း သို့မဟုတ် မြေဖို့ခြင်း။

၆၇။ ပုဒ်မ ၆၆ ပုဒ်မခွဲ (စ)၊ (ဆ) နှင့် (ဇ) တို့အရ လိုက်နာဆောင်ရွက်ရန် လက်ရှိနေထိုင်သူအား ညွှန်ကြားလျှင် လက်ရှိနေထိုင်သူသည် ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်၊ လက်ရှိနေထိုင်သူသည် တရားဝင်အိမ်ငှားဖြစ်လျှင် ထိုကုန်ကျစရိတ်ကို အိမ်ရှင်ထံမှ တောင်းခံခွင့် သို့မဟုတ် ငှားရမ်းခမှ ခုနှိမ်ခွင့်ရှိသည်။

၆၈။ ကော်မတီသည် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ရေတွင်း၊ ရေကန်၊ ရေမြောင်း၊ မိလ္လာအညစ်အကြေးတို့နှင့် စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများနှင့် အညီ လိုက်နာဆောင်ရွက်စေရန် ပိုင်ရှင်၊ မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင် သည်-

(က) အန္တရာယ်ရှိစေနိုင်သော ရေတွင်း၊ ရေကန်၊ ရေအိုင်များကို ကာရန်စေခြင်း သို့မဟုတ် ပြုပြင်စေခြင်း၊

Myanmar Law Information System (MLIS)

(ခ) ကျန်းမာရေးနှင့် မညီညွတ်သော ရေတွင်း၊ ရေကန်၊ ရေလှောင်ကန်၊ ရေစည်၊ ရေအိုင်၊ စသည်တို့ကို ဆေးကြောသုတ်သင်စေခြင်း၊ ပြုပြင်စေခြင်း၊ ရေဖြည့်စေခြင်း၊ ရေလဲလှယ်စေခြင်း သို့မဟုတ် ဖုံးအုပ်စေ ခြင်း၊

(ဂ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် မြေပေါ်မှ စီးဆင်းသည့်ရေကြောင့် အများပြည်သူနှင့် သက်ဆိုင်သော လမ်း၊ အခြားပစ္စည်းများကို ထိခိုက်ပျက်စီးခြင်းမရှိစေရန်နှင့် ရေစီးရေလာကောင်းမွန်စေရန် ရေတံလျှောက်၊ ရေဆင်းပိုက်၊ ရေမြောင်း စသည်တို့ကို ပြုလုပ်စေခြင်း သို့မဟုတ် ပြုပြင်စေခြင်း၊

(ဃ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံတို့မှ ရေကောင်းမွန်စွာထုတ်ပစ်နိုင်ရန် မြေကိုပြုပြင်စေခြင်း၊ ရေဆိုးများအား ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်စေရန် စနစ်တကျသန့်စင်ပြီး စွန့်ပစ်စေခြင်း၊

(င) စက်ရုံ၊ အလုပ်ရုံ၊ စီးပွားရေးအဆောက်အအုံ၊ အဆောက်အအုံနှင့် မြေတို့တွင် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်စသည်တို့ကို စီမံထားရှိစေခြင်း၊

(စ) ခွင့်ပြုချက်မရှိခြင်း၊ ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီမှုမရှိခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်ခြင်းမရှိဘဲ ပြုလုပ်ထားသည့် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန် စသည်တို့ကို ပိတ်ထားစေခြင်း၊ ဖျက်သိမ်းစေခြင်း သို့မဟုတ် ပြောင်းလဲတပ်ဆင်စေခြင်း၊

(ဆ) မိလ္လာပိုက် သို့မဟုတ် ရေပိုက်ကိုအခြားသူတစ်ဦး ပိုင်ဆိုင်သည့်ဆက်စပ်နေသော မြေကိုဖြတ်၍ ဆောင်ရွက်ရလျှင် မြေပိုင်ရှင်နှင့်ညှိနှိုင်းခြင်း၊

(ဇ) မိလ္လာပိုက်၊ ရေပိုက်ကိုအခြားသူတစ်ဦး၏ မြေကိုဖြတ်၍ ဆောင်ရွက်ခြင်းကြောင့် မြေပိုင်ရှင်တွင် နစ်နာမှုရှိလျှင် ထိုနစ်နာမှုအတွက်ကော်မတီက သတ်မှတ်သည့် သင့်လျော်သော လျော်ကြေးငွေကို မိလ္လာ ပိုက်၊ ရေပိုက်ဆက်သွယ်သူက နစ်နာသူအားပေးစေခြင်း၊

၆၉။ ကော်မတီသည် စည်ပင်သာယာနယ်နိမိတ်အတွင်း အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများနှင့်အညီလိုက်နာဆောင်ရွက်စေရန် ပိုင်ရှင် သို့မဟုတ် နေထိုင်သူ အား ညွှန်ကြားနိုင်သည်-

(က) အမှိုက်များနှင့် အနံ့အသက်မကောင်းသော အရာဝတ္ထုများကို စွန့်ပစ်ခြင်းမပြုမီ စုဆောင်း၍ ထည့်ထားရန် သင့်လျော်သော အမှိုက်သိမ်းစနစ် စီမံထားရှိစေခြင်း၊

(ခ) ဘေးဖြစ်စေတတ်သော ဓာတုပစ္စည်း၊ ဓာတုအရည်၊ ကျန်းမာရေးကို ထိခိုက်စေတတ်သော စွန့်ပစ်ပစ္စည်းများကို အများပြည်သူဆိုင်ရာ နေရာများတွင် စွန့်ပစ်ခြင်းမပြုလုပ်ရန် တားမြစ်ခြင်း၊ စွန့်ပစ်နိုင် သည့် နည်းလမ်းများကို စီမံပေးခြင်းနှင့် အရေးယူခြင်း၊

(ဂ) အများပြည်သူနှင့် သက်ဆိုင်သော ရေပေးရေးလုပ်ငန်း၊ ကိုယ်ပိုင်ရေပေးရေးလုပ်ငန်းတို့ကို ကျန်းမာရေးနှင့် မညီညွတ်ကြောင်းတွေ့ရှိပါက ပိတ်သိမ်းစေခြင်း၊

(ဃ) ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊ ဘော်ဒါဆောင်၊ အခန်းအလိုက် ငှားသောအဆောက်အအုံ၊ စားသောက်ဆိုင်တို့ကို ကျန်းမာရေးနှင့်ညီညွတ်စေရန် အနည်းဆုံး သုံးလတစ်ကြိမ် စစ်ဆေးဆောင်ရွက် ခြင်းနှင့် ရှောင်တခင်စစ်ဆေးခြင်း၊

Myanmar Law Information System (MLIS)

(င) အများပြည်သူ ပျော်ပွဲ၊ ရွှင်ပွဲများအတွက် အသုံးပြုသည့် အဆောက်အအုံ၊ ပွဲခင်းမြေနေရာကို ကျန်းမာရေးနှင့် ညီညွတ်စေရန်လည်းကောင်း၊ မီးဘေးအန္တရာယ်ကာကွယ်ရန်လည်းကောင်း၊ သန့်ရှင်း ရေးအတွက် လည်းကောင်း၊ လုံခြုံမှုရှိစေရန်လည်းကောင်း ဆောင်ရွက်စေခြင်း၊

(စ) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းများ၊ စားသောက်ဖွယ်ရာများ ပြုပြင်ထုတ်လုပ်သောလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရာတွင်ပတ်ဝန်းကျင်အတွက် အန္တရာယ်ရှိလာလျှင် သို့မဟုတ် ထိခိုက်စေနိုင် လျှင် သို့မဟုတ် အနှောင့်အယှက်ဖြစ်လာလျှင် လုပ်ငန်းနေရာကို အသုံးမပြုဘဲ နေစေခြင်း သို့မဟုတ် ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ပိတ်သိမ်းစေခြင်း၊

(ဆ) သီးခြားလုပ်ငန်းလိုင်စင် ရရှိထားသည့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့သာယာလှပရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ စိတ်ညိုငြင်မှုမဖြစ်စေရေး၊ ကျန်းမာရေးကိုထိခိုက်မှုမရှိစေရေးတို့ကို စီမံဆောင်ရွက်စေခြင်း။

၇၀။ ကော်မတီသည် စည်ပင်သာယာနယ်နိမိတ်အတွင်း အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် အသုံးပြုရန် မသင့်လျော်သည့် သုသာန်မြေများနှင့် စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို လိုက်နာဆောင်ရွက်စေရန် သက်ဆိုင်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား ညွှန်ကြားနိုင်သည်-

(က) သုသာန်မြေကို ဆက်လက်အသုံးပြုခွင့်ပိတ်ထားစေခြင်း၊

(ခ) သုသာန်မြေကို အသစ်သတ်မှတ်ခြင်း။

(ဂ) သုသာန်မြေကို ရွှေ့ပြောင်းစေခြင်း၊ ဖျက်သိမ်းစေခြင်း၊

(ဃ) ဖျက်သိမ်းရှင်းလင်းပြီး သုသာန်မြေအား အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အခြားနည်းအသုံးပြုခြင်း၊

၇၁။ စည်ပင်သာယာနယ်နိမိတ်အတွင်း ဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ရပ်ကို ဆောင်ရွက် လုပ်ကိုင်လိုသူသည် သက်ဆိုင်ရာ လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၇၂။ ကော်မတီသည်-

(က) ပုဒ်မ ၇၁ အရ လျှောက်ထားသည့် လျှောက်လွှာပါ အချက်များ မှန်ကန်မှု ရှိ၊ မရှိ စိစစ်ရမည်။

(ခ) လိုအပ်ပါက တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီထံ လမ်းညွှန်ချက် တောင်းခံနိုင်သည်။

(ဂ) လျှောက်ထားချက်အရ လုပ်ငန်းလိုင်စင် ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို လျှောက်ထားသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ ရက် အတွင်း လျှောက်ထားသူထံ အကြောင်းကြားရမည်။

(င) လုပ်ငန်းလိုင်စင် ထုတ်ပေးရန် ခွင့်ပြုလျှင် သတ်မှတ်သည့် လိုင်စင်ခကို ပေးသွင်းစေပြီး လျှောက်ထားသူအား ထုတ်ပေးရမည်။

Myanmar Law Information System (MLIS)

၇၃။ ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူသည် လိုင်စင်သက်တမ်းကုန်ဆုံးပြီး ဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်းတိုးမြှင့်ရန် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၇၄။ ကော်မတီသည်−

(က) လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာပါ အချက်များ မှန်ကန်ခြင်း ရှိ၊ မရှိ စိစစ်ရမည်။

(ခ) လိုအပ်ပါက တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီထံ လမ်းညွှန်ချက်တောင်းခံနိုင်သည်။

(ဂ) လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ လိုင်စင်သက်တမ်းတိုးမြှင့်ရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို လျှောက်ထားသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ ရက်အတွင်း လျှောက်ထားသူထံအကြောင်းကြားရမည်။

(င) ပုဒ်မခွဲ (ဂ) အရ လုပ်ငန်းလိုင်စင် သတ်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုလျှင်သတ်မှတ်သည့် ရက်အတွင်း လျှောက်ထားပါက သတ်မှတ်သည့်သက်တမ်းတိုးမြှင့်ခကိုလည်းကောင်း၊ သတ်မှတ်သည့်ရက်အတွင်း မလျှောက်ထားပါက သတ်မှတ်သည့် သတ်တမ်းတိုးမြှင့်ခနှင့် ဒဏ်ကြေးတို့ကိုလည်းကောင်း ပေးသွင်းစေ ပြီး၊ လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရမည်။

၇၅။ ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူသည် လိုင်စင်ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် လိုင်စင် မိတ္တူမှန်ရရှိရန် ခိုင်လုံသော အထောက်အထားများ ပူးတွဲ၍ကော်မတီသို့ လျှောက်ထားရမည်။

၇၆။ ကော်မတီသည်−

(က) ပုဒ်မ ၇၅ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်၍ လိုင်စင်မိတ္တူထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်၊

(ခ) ပုဒ်မခွဲ (က) အရ လိုင်စင်မိတ္တူထုတ်ပေးရန် ခွင့်ပြုပါက သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းစေပြီး လိုင်စင်မိတ္တူကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၇၇။ ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူသည် လုပ်ငန်းနှင့်စပ်လျဉ်း၍ အမည်ပြောင်းခြင်း၊ တည်ရှိရာ နေရပ်လိပ်စာပြောင်းခြင်း၊ ပိုင်ဆိုင်မှု လွှဲပြောင်းခြင်း၊ အမျိုးအစားပြောင်းခြင်း သို့မဟုတ် အချင်းချင်း ပူးပေါင်းခြင်း၊ ခွဲခြားခြင်း ဆောင်ရွက်လိုပါက လိုင်စင်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၇၈။ ကော်မတီသည်−

(က) ပုဒ်မ ၇၇ အရ လျှောက်ထားသည့် လျှောက်လွှာပါ အချက်များမှန်ကန်မှု ရှိ၊ မရှိ စိစစ်ရမည်၊

(ခ) လိုအပ်ပါက လျှောက်လွှာပါ အချက်များနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးနိုင်သည်၊

(ဂ) လျှောက်ထားချက်အားခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်၊

၇၉။ ကော်မတီသည် ထုတ်ပေးထားသည့် လိုင်စင်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို လုပ်ငန်းလုပ်ကိုင်သူက ဖောက်ဖျက်ကျူးလွန်ကြောင်း စိစစ်တွေ့ရှိရလျှင် အောက်ပါ စီမံခန့်ခွဲရေးပြစ်ဒဏ် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်−

Myanmar Law Information System (MLIS)

(က) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့်ရုပ်သိမ်းခြင်း၊

(ခ) လိုင်စင်ကို ပယ်ဖျက်ခြင်း၊

၈၀။ ပုဒ်မ ၇၉ ပုဒ်မခွဲ (က) အရ လိုင်စင်ကို ကာလ အကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းခံရသူသည် သတ်မှတ်ကာလကုန်ဆုံးသည့်အခါ လိုင်စင်ပြန်လည်ရရှိရန် ကော်မတီသို့ လျှောက်ထားနိုင်သည်။

၈၁။ ကော်မတီသည် ပုဒ်မ ၇၉ ပုဒ်မခွဲ (က) အရ လိုင်စင်ကို ကာလ အကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း ခံရသူက လိုင်စင်ပြန်လည်ရရှိရန် ကော်မတီသို့ လျှောက်ထားလာပါက စိစစ်၍ ပြန်လည်ထုတ်ပေး နိုင်သည်။

၈၂။ စည်ပင်သာယာနယ်နိမိတ်အတွင်း ယာယီဇာတ်ရုံ ဆောက်လုပ်လိုသူသည် ယာယီဇာတ်ရုံ ဆောက်လုပ်ခွင့်ရရှိရန် ကော်မတီသို့ လျှောက်ထားရမည်။

၈၃။ ကော်မတီသည်-

(က) ပုဒ်မ ၈၂ အရ လျှောက်ထားသည့် လျှောက်လွှာပါအချက်များ မှန်ကန်မှု ရှိ၊ မရှိ စိစစ်ရမည်။

(ခ) လိုအပ်ပါက တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီထံ လမ်းညွှန်ချက် တောင်းခံနိုင်သည်။

(ဂ) လျှောက်ထားချက်အား ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ ယာယီဇာတ်ရုံ ဆောက်လုပ်ခွင့်ပြုလျှင် သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းစေပြီး စည်းကမ်းချက်များသတ်မှတ်၍ ကာလအကန့်အသတ်ဖြင့် ယာယီဇာတ်ရုံဆောက်လုပ် ရန် ခွင့်ပြုမိန့်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၈၄။ စည်ပင်သာယာနယ်နိမိတ်အတွင်း ယာဉ်ဖြင့် လှည့်လည်ရောင်းချခွင့်လိုင်စင်ရရှိလိုသူသည် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၈၅။ ကော်မတီသည်-

(က) ပုဒ်မ ၈၄ အရ လျှောက်ထားသည့် လျှောက်လွှာပါ အချက်များ မှန်ကန်မှု ရှိ၊ မရှိ စိစစ်ရမည်၊

(ခ) လျှောက်ထားချက်အား စိစစ်၍ လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင် သည်၊

(ဂ) ပုဒ်မခွဲ (ခ) အရ လိုင်စင်ထုတ်ပေးရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို လျှောက်ထားသည့် နေ့ရက်မှ ရက်ပေါင်း ၄၅ ရက်အတွင်း လျှောက်ထားသူထံ အကြောင်းကြားရမည်။

၈၆။ ကော်မတီသည် စည်ပင်သာယာနယ်နိမိတ်အတွင်း လမ်းဘေးဈေးဆိုင်၊ အိမ်ဆိုင်၊ ကုန်စုံဆိုင် ကုန်ပဒေသာဆိုင်နှင့် ကုန်တိုက်များ ဖွင့်လှစ်ရောင်းချခြင်းကို သတ်မှတ်သည့် အခွန်အခ ပေးသွင်းစေပြီး စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်။

၈၇။ ကော်မတီသည် စည်ပင်သာယာနယ်နိမိတ်အတွင်း လမ်းဘေးဈေးဆိုင် ဖွင့်လှစ်ခွင့်ပြုရာတွင် ဘေးဝဲယာအိမ်နှင့် မျက်နှာချင်းဆိုင်အိမ်တွင် နေထိုင်သူက ခိုင်လုံသော အထောက်အထားဖြင့် ကန့်ကွက်လျှင် ကန့်ကွက်ချက်များကို စိစစ်၍ ဖွင့်လှစ်ခွင့် ပြုသင့် မပြုသင့် ဆုံးဖြတ်ရမည်။

၈၈။ (က) ပုဒ်မ ၈၇၊ ပုဒ်မခွဲ (ခ) အရ ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းခြင်း ခံရသူသည် ခွင့်ပြုချက်ကို ပြန်လည်ရရှိရန် ကော်မတီသို့ လျှောက်ထားနိုင်သည်။

Myanmar Law Information System (MLIS)

(ခ) ကော်မတီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားသူအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်၍ ခွင့်ပြုချက်ကို ပြန်လည်ထုတ်ပေးနိုင်သည်။

၈၉။ ကော်မတီသည် ပုဒ်မ ၈၆ အရ သတ်မှတ်ထားသည့် စည်းကမ်းချက် တစ်ရပ်ရပ်ကို ရောင်းချသူက ဖောက်ဖျက်ကျူးလွန်လျှင် အောက်ပါ စီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(ခ) ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းခြင်း။

၉၀။ (က) ပုဒ်မ ၈၉၊ ပုဒ်မခွဲ (ခ) အရ ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းခြင်းခံရသူသည် စည်းကမ်းချက်များကို လိုက်နာပြီး ခွင့်ပြုချက်ကို ပြန်လည်ရရှိရန် ကော်မတီသို့ လျှောက်ထားနိုင်သည်။

(ခ) ကော်မတီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားသူအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်၍ ခွင့်ပြုချက်ကို ပြန်လည်ထုတ်ပေးနိုင်သည်။

၉၁။ ကော်မတီသည် လမ်းဘေးဈေးဆိုင်၊ အိမ်ဆိုင်၊ ပစ္စည်းစုံဆိုင်၊ ကုန်ပဒေသာဆိုင်နှင့် ကုန်တိုက်များတွင် ခင်းကျင်းရောင်းချခြင်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ၊ မရှိ စစ်ဆေးရန် သက်ဆိုင်ရာ အစားအသောက်နှင့် ဆေးဝါးများကြီးကြပ်ကွပ်ကဲရေးကော်မတီနှင့် ညှိနှိုင်း၍ အနည်းဆုံး သုံးလတစ်ကြိမ် စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းများ ဆောင်ရွက်ရမည်။

၉၂။ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်သည် စည်ပင်သာယာနယ်နိမိတ်အတွင်း ပုဂ္ဂလိကဈေး ဖွင့်လှစ်ဆောင်ရွက်လုပ်ကိုင်လိုလျှင် ပုဂ္ဂလိက ဈေးဖွင့်လှစ်ခွင့် လိုင်စင်ရရှိရန် သတ်မှတ်ချက်များ နှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၉၃။ ကော်မတီသည်-

(က) ပုဒ်မ ၉၂ အရ လျှောက်ထားသည့် လျှောက်လွှာပါ အချက်များ မှန်ကန်ခြင်း ရှိ၊ မရှိ စိစစ်ရမည်။

(ခ) လိုအပ်ပါက တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီထံ လမ်းညွှန်ချက်တောင်းခံနိုင်သည်။

(ဂ) လျှောက်ထားချက်အား စိစစ်၍ လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ လိုင်စင်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်းကို လျှောက်ထားသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ ရက်အတွင်း လျှောက်ထားသူထံ အကြောင်းကြားရမည်။

(င) လိုင်စင်ထုတ်ပေးရန်ခွင့်ပြုလျှင် သတ်မှတ်သည့် လိုင်စင်ခကို ပေးသွင်းစေပြီး လိုင်စင်ထုတ်ပေးရမည်။

၉၄။ ကော်မတီသည် ပုဂ္ဂလိကဈေး၏ အကျယ်အဝန်း၊ အဆောက်အအုံအမျိုးအစား ရောင်းဝယ်ဖောက်ကားမှုအခြေအနေတို့ကို ထောက်ရှု၍ ပုဂ္ဂလိက ဈေးများကို အဆင့်ခွဲခြားသတ်မှတ်နိုင်သည်။

၉၅။ ပုဂ္ဂလိကဈေးပိုင်ရှင်သည်-

(က) ပုဂ္ဂလိကဈေးအဆောက်အအုံ ခိုင်ခံ့ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးကို တာဝန်ယူရမည်။

(ခ) ပုဂ္ဂလိကဈေးသန့်ရှင်းရေး၊ လုံခြုံရေးနှင့် မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေး၊ အထွေထွေစီမံခန့်ခွဲရေးတို့အတွက် ကော်မတီက သတ်မှတ်သည့်အတိုင်း တာဝန်ယူဆောင်ရွက်ရမည်။

Myanmar Law Information System (MLIS)

(ဂ) ပုဂ္ဂလိကဈေးဝန်းကျင်တွင် လိုအပ်ပါက ယာဉ်ရပ်နားနေရာများ စီမံထားရှိရမည်။

၉၆။ ပုဂ္ဂလိကဈေးပိုင်ရှင်သည် လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်းတိုးမြှင့်ရန် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၃၀ ရက်ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၉၇။ ကော်မတီသည်-

(က) ပုဂ္ဂလိကဈေးလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာပါ အချက်များမှန်ကန်ခြင်း ရှိ၊ မရှိ စိစစ်ရမည်။

(ခ) လိုအပ်ပါက တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီထံ လမ်းညွှန်ချက် တောင်းခံနိုင်သည်။

(ဂ) လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ လိုင်စင်သက်တမ်းတိုးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို လျှောက်ထားသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားသူထံ အကြောင်းကြားရမည်။

(င) ပုဒ်မခွဲ (ဂ) အရ လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုလျှင် သတ်မှတ်သည့်ရက်အတွင်း လျှောက် ထားပါက သတ်မှတ်သည့်သက်တမ်းတိုးမြှင့်ခကိုလည်းကောင်း၊ သတ်မှတ်သည့်ရက်အတွင်း မလျှောက် ထားပါက သတ်မှတ်သည့် သက်တမ်းတိုးမြှင့်ခနှင့် ဒဏ်ကြေးတို့ကိုလည်းကောင်း ပေးသွင်းစေပြီး လိုင်စင်သက်တမ်း တိုးမြှင့်ပေးရမည်။

၉၈။ ပုဂ္ဂလိကဈေးပိုင်ရှင်သည် ပုဂ္ဂလိကဈေးလိုင်စင်ပျောက်ဆုံးကြောင်း သို့မဟုတ် ပျက်စီးခြင်းအတွက် လုပ်ငန်းလိုင်စင် မိတ္တူရရှိရန် ခိုင်လုံသော အထောက်အထားများပူးတွဲ၍ ကော်မတီသို့ လျှောက်ထားရမည်။

၉၉။ ကော်မတီသည်-

(က) ပုဒ်မ ၉၈ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်၍ ပုဂ္ဂလိက ဈေးလိုင်စင်မိတ္တူ ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ လိုင်စင်မိတ္တူထုတ်ပေးရန် ခွင့်ပြုပါက သတ်မှတ်သည့် အခကြေးငွေကိုပေးသွင်းစေပြီး ဆောလျင်စွာထုတ်ပေးရမည်။

၁၀၀။ ပုဂ္ဂလိကဈေးပိုင်ရှင်သည် ပုဂ္ဂလိကဈေးနှင့်စပ်လျဉ်း၍ အမည်ပြောင်းခြင်း၊ တည်ရှိရာ နေရပ်လိပ်စာပြောင်းခြင်း၊ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်း၊ အမျိုးအစားပြောင်းခြင်း သို့မဟုတ် အချင်းချင်းပူးပေါင်းခြင်း၊ ခွဲခြားခြင်း ဆောင်ရွက်လိုပါက လိုင်စင်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင် ၍ သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၁၀၁။ ကော်မတီသည်-

(က) ပုဒ်မ ၁၀၀ အရ လျှောက်ထားသည့် လျှောက်လွှာပါ အချက်များမှန်ကန်မှု ရှိ မရှိ စိစစ်ရမည်။

(ခ) လိုအပ်ပါက လျှောက်လွှာပါ အချက်များနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးနိုင်သည်။

(ဂ) လျှောက်ထားချက်ကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို လျှောက်ထားသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားသူထံ အကြောင်းကြားရမည်။

Myanmar Law Information System (MLIS)

၁၀၂။ ကော်မတီသည် သတ်မှတ်ထားသော ဈေးများဆိုင်ရာ စည်းကမ်းချက်တစ်ရပ်ရပ်ကို ပုဂ္ဂလိက ဈေးပိုင်ရှင်က ဖောက်ဖျက်ကျူးလွန်ကြောင်း စိစစ်တွေ့ရှိလျှင် အောက်ပါစီမံခန့်ခွဲရေး ပြစ်ဒဏ် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ခ) ပုဂ္ဂလိကဈေးလိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(ဂ) ပုဂ္ဂလိကဈေးလိုင်စင်ကို ပယ်ဖျက်ခြင်း။

၁၀၃။ ကော်မတီသည် ပုဒ်မ ၁၀၂၊ ပုဒ်မခွဲ (က) အရ ဒဏ်ကြေးငွေ တပ်ရိုက်နိုင်ရန်အလို့ငှာ ပုဂ္ဂလိက ဈေးအဆင့်အလိုက် တပ်ရိုက်မည့် ဒဏ်ကြေးငွေကို စံငှားရမ်းခပေါ်မူတည်၍ ကြိုတင်သတ်မှတ်ခြင်း၊ နှစ်စဉ်ပြင်ဆင်သတ်မှတ်ခြင်း ပြုနိုင်သည်။

၁၀၄။ ကော်မတီသည် ပုဒ်မ ၁၀၂၊ ပုဒ်မခွဲ (က) အရ ဒဏ်ကြေးငွေ တပ်ရိုက်ရာတွင် ထပ်မံကျူးလွန်သူ အား ဒဏ်ကြေးငွေကို နှစ်ဆတိုးမြှင့်ခြင်းနှင့် တစ်နှစ်အတွင်း ဒဏ်ကြေးငွေ အနည်းဆုံး သုံးကြိမ် တပ်ရိုက်ခြင်းခံရသော ပုဂ္ဂလိကဈေးပိုင်ရှင်၏ ပုဂ္ဂလိကဈေးလိုင်စင်ကို အကန့်အသတ်ဖြင့် ရုပ်သိမ်း ခြင်းပြုနိုင်သည်။

၁၀၅။ ပုဒ်မ ၁၀၂၊ ပုဒ်မခွဲ (ခ) အရ ပုဂ္ဂလိကဈေးလိုင်စင် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းခံရ သည့် ပုဂ္ဂလိကဈေးပိုင်ရှင်သည် သတ်မှတ်ကာလ ကုန်ဆုံးသည့်အခါ ပုဂ္ဂလိကဈေးလိုင်စင် ပြန်လည် ရရှိရန် ကော်မတီသို့ လျှောက်ထားနိုင်သည်။

၁၀၆။ ကော်မတီသည် ပုဒ်မ ၁၀၁ အရ လျှောက်ထားလာလျှင် ပုဂ္ဂလိကဈေးပိုင်ရှင်က ဈေးများဆိုင်ရာ စည်းကမ်းချက်များကို ထပ်မံ၍ ဖောက်ဖျက်ခြင်းမပြုကြောင်း ဝန်ခံကတိပြုပြီး ရုပ်သိမ်းခြင်းခံရသည့် ကာလအတွက် ကော်မတီက သတ်မှတ်သည့် အခကြေးငွေများကို အကျေပေးသွင်းပြီးပါက ပုဂ္ဂလိက ဈေးလိုင်စင်ကို ပြန်လည်ထုတ်ပေးနိုင်သည်။

၁၀၇။ ကော်မတီသည် ပုဒ်မ ၁၀၆ အရ ပုဂ္ဂလိကဈေးပိုင်ရှင်က လိုင်စင်ပြန်လည်ရရှိပြီးနောက် သတ်မှတ် ထားသည့် ဈေးများဆိုင်ရာ စည်းကမ်းချက် တစ်ရပ်ရပ်ကို ထပ်မံဖောက်ဖျက်ကျူးလွန်လျှင် ပုဂ္ဂလိက ဈေးလိုင်စင်ကို ပယ်ဖျက်နိုင်သည်။

၁၀၈။ ကော်မတီသည် ပုဂ္ဂလိကဈေးအသီးသီးရှိ ဆိုင်ခန်းများတွင် ခင်းကျင်းရောင်းချခြင်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ မရှိ စစ်ဆေးရန် သက်ဆိုင်ရာ အစားအသောက်နှင့် ဆေးဝါးကြီးကြပ် ကွပ်ကဲရေးကော်မတီနှင့် ညှိနှိုင်း၍ အနည်းဆုံး သုံးလတစ်ကြိမ် စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေး ခြင်းများ ဆောင်ရွက်ရမည်။

၁၀၉။ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်သည် စည်ပင်သာယာနယ်နိမိတ်အတွင်း တည်းခိုခန်း၊ ဘော်ဒါဆောင်၊ အခန်းလိုက်ငှားသော အဆောက်အအုံဖွင့်လှစ်ဆောင်ရွက်လုပ်ကိုင်လိုလျှင် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၁၁၀။ ကော်မတီသည်-

Myanmar Law Information System (MLIS)

(က) ပုဒ်မ ၁၀၉ အရ လျှောက်ထားသည့် လျှောက်လွှာပါအချက်များ မှန်ကန်ခြင်း ရှိ၊ မရှိ စိစစ်ရမည်။

(ခ) တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံ၏ သန့်ရှင်းရေး၊ လုံခြုံရေးနှင့် မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေး၊ အထွေထွေစီမံခန့်ခွဲရေးတို့အတွက် ကော်မတီက သတ်မှတ်သည့်အတိုင်း တာဝန်ယူဆောင်ရွက်ရမည်။

(ဂ) တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံ၏ ဝန်းကျင်တွင် လိုအပ်ပါက ယာဉ်ရပ်နားရန်နေရာများ စီမံထားရှိရမည်။

၁၁၁။ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံပိုင်ရှင်သည် လိုင်စင်သက်တမ်း ကုန်ဆုံးပြီးနောက် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်း တိုးမြှင့်ရန် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၁၁၂။ ကော်မတီသည်-

(က) တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံ လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာပါ အချက်များ မှန်ကန်ခြင်း ရှိ၊ မရှိ စိစစ်ရမည်။

(ခ) လိုအပ်ပါက တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီထံ လမ်းညွှန်ချက်တောင်းခံနိုင်သည်။

(ဂ) လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ လိုင်စင်သက်တမ်းတိုးရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို လျှောက်ထားသည့် နေ့မှစ၍ ရက်ပေါင်း ၄၅ ရက်အတွင်း လျှောက်ထားသူထံ အကြောင်းကြားရမည်။

(င) ပုဒ်မခွဲ (ဂ) အရ လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် ခွင့်ပြုရန်သတ်မှတ်သည့်ရက်အတွင်း လျှောက်ထားပါက သတ်မှတ်သည့် သက်တမ်းတိုးမြှင့်ခကိုလည်းကောင်း၊ သတ်မှတ်ရက်ကျော်လွန် လျှောက်ထားပါက သတ်မှတ်သည့် သက်တမ်းတိုးမြှင့်ခနှင့် ဒဏ်ကြေးတို့ကိုလည်းကောင်း ပေးသွင်းစေပြီး လိုင်စင်သက်တမ်း တိုးမြှင့်ပေးရမည်။

၁၁၃။ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံပိုင်ရှင်သည် တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံလိုင်စင် ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် လိုင်စင်မိတ္တူရရှိရန် ခိုင်လုံသော အထောက်အထားများ ပူးတွဲ၍ ကော်မတီသို့ ဆောလျင်စွာ လျှောက်ထားရမည်။

၁၁၄။ ကော်မတီသည်-

(က) ပုဒ်မ ၁၁၃ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်၍ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံ လိုင်စင်မိတ္တူထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

Myanmar Law Information System (MLIS)

(ခ) ပုဒ်မခွဲ (က) အရ လိုင်စင်မိတ္တူထုတ်ပေးရန် ခွင့်ပြုပါက သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းစေပြီး တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံလိုင်စင်မိတ္တူကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၁၁၅။ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံပိုင်ရှင်သည် တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံနှင့် စပ်လျဉ်း၍ အမည်ပြောင်းခြင်း၊ တည်ရှိရာ နေရပ်လိပ်စာပြောင်းခြင်း၊ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်း၊ အမျိုးအစားပြောင်းခြင်း သို့မဟုတ် အချင်းချင်းပူးပေါင်းခြင်း၊ ခွဲခြားခြင်း ဆောင်ရွက်လိုပါက လိုင်စင်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၁၁၆။ ကော်မတီသည်-

(က) ပုဒ်မ ၁၁၅ အရ လျှောက်ထားသည့် လျှောက်လွှာပါ အချက်များ မှန်ကန်မှု ရှိ၊ မရှိ စိစစ်ရမည်။

(ခ) လိုအပ်ပါက လျှောက်လွှာပါအချက်များနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးနိုင်သည်။

(ဂ) လျှောက်ထားချက်ကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၁၇။ ကော်မတီသည် သတ်မှတ်ထားသော တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းအငှားလိုက်သော အဆောက်အအုံလိုင်စင်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံပိုင်ရှင်က ဖောက်ဖျက်ကျူးလွန်ကြောင်း စိစစ်တွေ့ရှိလျှင် အောက်ပါစီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ခ) တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံလိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(ဂ) တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံလိုင်စင်ကို ပယ်ဖျက်ခြင်း။

၁၁၈။ ကော်မတီသည် ပုဒ်မ ၁၁၇၊ ပုဒ်မခွဲ (က) အရ ဒဏ်ကြေးငွေ တပ်ရိုက်နိုင်ရန်အလို့ငှာ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံ အဆင့်အလိုက် တပ်ရိုက်မည့် ဒဏ်ကြေးငွေကို စံငှားရမ်းခပေါ်မူတည်၍ ကြိုတင်သတ်မှတ်ခြင်း၊ နှစ်စဉ် ပြင်ဆင်သတ်မှတ်ခြင်း ပြုနိုင်သည်။

၁၁၉။ ကော်မတီသည် ပုဒ်မ ၁၁၇၊ ပုဒ်မခွဲ (က) အရ တစ်နှစ်အတွင်း ဒဏ်ကြေးငွေ အနည်းဆုံး သုံးကြိမ် တပ်ရိုက်ခြင်းခံရသော တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံပိုင်ရှင်၏ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံလိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းနိုင်သည်။

၁၂၀။ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံပိုင်ရှင်သည် ပုဒ်မ ၁၁၇၊ ပုဒ်မခွဲ (ခ) အရ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်

Myanmar Law Information System (MLIS)

ငှားသော အဆောက်အအုံလိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းခံရပါက သတ်မှတ်ကာလကုန်ဆုံးသည့်အခါ လိုင်စင်ပြန်လည်ရရှိရန် ကော်မတီသို့ လျှောက်ထားနိုင်သည်။

၁၂၁။ ကော်မတီသည် ပုဒ်မ ၁၂၀ အရ လျှောက်ထားလာလျှင် တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံပိုင်ရှင်က သက်ဆိုင်ရာ စည်းကမ်းချက်များကို ထပ်မံ၍ ဖောက်ဖျက်ခြင်းမပြုပါဟူ၍ ဝန်ခံကတိပြုပြီး ရုပ်သိမ်းခြင်းခံရသည့်ကာလအတွက် ကော်မတီက သတ်မှတ်သည့် ဒဏ်ကြေးငွေများကို အကျေပေးသွင်းပြီးပါက လိုင်စင်ကို ပြန်လည်ထုတ်ပေးရမည်။

၁၂၂။ ကော်မတီသည် ပုဒ်မ ၁၂၁ အရ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံပိုင်ရှင်က လိုင်စင်ပြန်လည်ရရှိပြီးနောက် သတ်မှတ်ထားသည့် စည်းကမ်းချက် တစ်ရပ်ရပ်ကို ထပ်မံဖောက်ဖျက်ကျူးလွန်လျှင် လိုင်စင်ကို ပြန်လည်ရုပ်သိမ်းနိုင်သည်။

၁၂၃။ ကော်မတီသည် တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံ အသီးသီးရှိ အခန်း၊ ဥပစာများတွင် အစားအသောက်နှင့် အခြားပစ္စည်းတစ်ရပ်ရပ်ကို ခင်းကျင်းရောင်းချခြင်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ၊ မရှိ စစ်ဆေးရန် သက်ဆိုင်ရာ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

## အခန်း (၁၀)

## အနေးယာဉ်များ စီမံခန့်ခွဲခြင်း

၁၂၄။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ကော်မတီ၏ ကြီးကြပ်မှုဖြင့် အနေးယာဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) အနေးယာဉ်အမျိုးအစားအလိုက် စည်းကမ်းများရေးဆွဲ၍ တိုင်းဒေသကြီးစည်ပင်သာယာရေး ကော်မတီထံ တင်ပြခြင်း၊

(ခ) အနေးယာဉ်လိုင်စင်ခ၊ အနေးယာဉ်မောင်းလိုင်စင်ခ သတ်မှတ်ခြင်း၊ စည်းကြပ်ကောက်ခံခြင်း၊

(ဂ) အနေးယာဉ်လိုင်စင်၊ အနေးယာဉ်မောင်းသူများအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း။

(ဃ) အနေးယာဉ်လိုင်စင်၊ အနေးယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊

၁၂၅။ ကော်မတီက ထုတ်ပေးသော အနေးယာဉ်လိုင်စင်ရရှိသူသာ အနေးယာဉ်တည်ထောင်ခွင့်ရှိသည်။

၁၂၆။ ကော်မတီက ထုတ်ပေးသော အနေးယာဉ်မောင်းလိုင်စင်ရရှိသူသာ အနေးယာဉ်မောင်းနှင်ခွင့်ရှိသည်။

၁၂၇။ အနေးယာဉ်ပိုင်ရှင်နှင့် အနေးယာဉ်မောင်းသူတို့သည် သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၁၁)

## အငှားစက်တပ်ယာဉ်ငယ်များ စီမံခန့်ခွဲခြင်း

၁၂၈။ ကော်မတီသည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အငှားစက်တပ်ယာဉ်ငယ်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

Myanmar Law Information System (MLIS)

(က) အငှားစက်တပ်ယာဉ်ငယ်အမျိုးအစားနှင့် လုပ်ငန်းလိုင်စင်အလိုက် လိုင်စင်ကြေး သတ်မှတ်ခြင်း၊ ကြီးကြပ်ထောက်ခံခြင်း၊

(ခ) အငှားစက်တပ်ယာဉ်ငယ်များနှင့် အငှားစက်တပ်ယာဉ်မောင်းနှင်သူများအား သတ်မှတ်စည်းကမ်းများနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

(ဂ) အငှားစက်တပ်ယာဉ်ငယ်များအား ရပ်နားစခန်းနေရာ သတ်မှတ်ပေးခြင်း၊ လမ်းကြောင်းသတ်မှတ်ပေးခြင်း။

၁၂၉။ ကော်မတီမှ ထုတ်ပေးထားသော အငှားစက်တပ်ယာဉ်ငယ် လုပ်ငန်းလိုင်စင်ရရှိသူသာ လုပ်ငန်းလုပ်ကိုင်ခွင့်ရှိသည်။

၁၃၀။ အငှားစက်တပ်ယာဉ်ငယ်ပိုင်ရှင်နှင့် ယာဉ်မောင်းတို့သည် သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

**အခန်း (၁၂)**

**ကူးတို့လုပ်ငန်းများစီမံခန့်ခွဲခြင်း**

၁၃၁။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် မြို့နယ်အတွင်းရှိ ကူးတို့လုပ်ငန်းကြီးကြပ်သူအဖြစ် ယင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ စည်းကမ်းများနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ကူးတို့နယ်နိမိတ် သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊

(ခ) ကူးတို့လုပ်ငန်း တည်ထောင်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊

(ဂ) ကူးတို့လုပ်ငန်းကြီးကြပ်ခြင်း၊

(ဃ) ကူးတို့လုပ်ငန်းလမ်းကြောင်းသတ်မှတ်ခြင်း၊

(င) ကူးတို့လုပ်ငန်း သယ်ယူပို့ဆောင်ခသတ်မှတ်ခြင်း၊

(စ) ဖျက်သိမ်းရန် ခိုင်လုံသော အကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းခြင်း၊

(ဆ) စည်းကမ်းဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲ ဖျက်သိမ်းခံရသည့် ကူးတို့လုပ်ငန်းလိုင်စင်အတွက် လျော်ကြေးပေးရန် ဆုံးဖြတ်ခြင်း၊ လျော်ကြေးငွေသတ်မှတ်ခြင်း၊

(ဇ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ခကို တိုင်းဒေသကြီးကော်မတီ၏ ခွင့်ပြုချက်ဖြင့် လျှော့ပေါ့ပေးခြင်း၊ ကင်းလွတ်ခွင့်ပေးခြင်း။

၁၃၂။ တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော မြို့နယ်များအတွက် ကူးတို့လုပ်ငန်း နှင့်စပ်လျဉ်း၍ စည်းကမ်းချက်များနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ကူးတို့နယ်နိမိတ် သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊

(ခ) ကူးတို့လုပ်ငန်း တည်ထောင်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊

(ဂ) ကူးတို့လုပ်ငန်းကိုကြီးကြပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊

(ဃ) ကူးတို့လမ်းကြောင်းသတ်မှတ်ခြင်း၊

(င) ကူးတို့လုပ်ငန်း သယ်ယူပို့ဆောင်ခသတ်မှတ်ခြင်း၊

Myanmar Law Information System (MLIS)

(စ) ကူးတို့လုပ်ငန်းနယ်နိမိတ်ချင်းဆက်စပ်လျှက်ရှိသည့် စည်ပင်သာယာရေးအဖွဲ့များသို့ ကူးတို့လုပ်ငန်းဝင်ငွေများကို အချိုးကျခွဲဝေသတ်မှတ်ပေးခြင်း၊

(ဆ) ဖျက်သိမ်းရန်ခိုင်လုံသော အကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းခြင်း၊

(ဇ) ကူးတို့လုပ်ငန်းအုပ်ချုပ်သူအဖြစ် သင့်လျော်သော အမှုဆောင်အရာရှိအား ခန့်အပ်ခြင်း၊

(ဈ) စည်းကမ်းဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲ ဖျက်သိမ်းခံရသည့် ကူးတို့လုပ်ငန်းလိုင်စင်အတွက် လျော်ကြေးပေးရန်ဆုံးဖြတ်ခြင်း၊ လျော်ကြေးငွေသတ်မှတ်ခြင်း၊

(ည) ခိုင်လုံသော အကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ခကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် လျှော့ပေါ့ ပေးခြင်း၊ ကင်းလွတ်ခွင့်ပေးခြင်း။

၁၃၃။ ကော်မတီက ကြီးကြပ်ပိုင်ခွင့်ရှိသော ကူးတို့လုပ်ငန်း သတ်မှတ်ရာတွင် အခြားအစိုးရဌာနများနှင့် အငြင်းပွားဖွယ်ဖြစ်လာပါက သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ရမည်။ ယင်းသို့ ဖြေရှင်း ဆောင်ရွက်ရာတွင် ပြေလည်မှုမရှိပါက တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြ၍ အဆုံးအဖြတ်ရယူရမည်။

၁၃၄။ မြို့နယ်အမှုဆောင်အရာရှိသည် ကူးတို့လုပ်ငန်းအုပ်ချုပ်သူအဖြစ် တာဝန်ယူ၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ကူးတို့လုပ်ငန်းလိုင်စင်များကို သတ်မှတ်သည့်နည်းလမ်းဖြင့်ရောင်းချခြင်း၊

(ခ) ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူကို အများပြည်သူ သက်သာဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက် အစီအစဉ်များပြုလုပ်စေခြင်း၊

(ဂ) စည်းကမ်းဖောက်ဖျက်သဖြင့် ဖျက်သိမ်းသည့် ကူးတို့လုပ်ငန်းလိုင်စင်များကို ပြန်လည်ရောင်းချခြင်း။

၁၃၅။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် ကူးတို့နယ်နိမိတ်တစ်ခုအတွင်းသာ လုပ်ကိုင်ခွင့်ရှိသည်။

၁၃၆။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် ကူးတို့ရေယာဉ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ယင်းနှင့် သက်ဆိုင်သည့် ပစ္စည်းကိရိယာများနှင့်စပ်လျဉ်း၍လည်းကောင်း ကူးတို့လုပ်ငန်း အုပ်ချုပ်သူက ပြင်ဆင်ထိန်းသိမ်း ရန် ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရမည်။

၁၃၇။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် အသုံးပြုရန်မသင့်လျော်သော ကူးတို့ရေယာဉ်နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ယင်းနှင့် သက်ဆိုင်သည့် ပစ္စည်းကိရိယာများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ကူးတို့လုပ်ငန်းအုပ်ချုပ်သူက ဆက်လက်အသုံးမပြုရန် ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရမည်။

၁၃၈။ တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီသည် ကူးတို့လုပ်ငန်းတည်ရှိရာဒေသနှင့်စပ်လျဉ်း၍-

(က) တိုင်းဒေသကြီးနှင့် အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အကြား ဖြစ်ပွားသည့် အုပ်ချုပ်မှု ဆိုင်ရာ အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့သို့ တင်ပြပြီး အစိုးရအဖွဲ့သည် ပြည်ထောင်စုအစိုးရ အဖွဲ့သို့ ဆက်လက်တင်ပြ၍ အဆုံးအဖြတ်ရယူရမည်။

(ခ) တိုင်းဒေသကြီးအတွင်း မြို့နယ်အချင်းချင်းဖြစ်ပေါ်သည့် အငြင်းပွားမှုများကို အစိုးရအဖွဲ့၏ အဆုံးအဖြတ်ခံယူရမည်။

Myanmar Law Information System (MLIS)

(ဂ) ကူးတို့လုပ်ငန်းတည်ရှိရာဒေသနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အကြားဖြစ်ပွားသည့် အုပ်ချုပ်ရေးဆိုင်ရာ အငြင်းပွားမှုများတွင် ပြည်ထောင်စုအစိုးရ၏ အဆုံး အဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည်။

(ဃ) တိုင်းဒေသကြီးအတွင်း မြို့နယ်အချင်းချင်းအကြားဖြစ်ပေါ်သည့် အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည်။

၁၃၉။ ပုဒ်မ ၁၃၅၊ ပုဒ်မ ၁၃၆၊ ပုဒ်မ ၁၃၇ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ကူးတို့လုပ်ငန်း အုပ်ချုပ်သူက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း သက်ဆိုင်ရာ ကော်မတီအဆင့်ဆင့်ထံ အယူခံနိုင်သည်။

၁၄၀။ ပုဒ်မ ၁၃၁၊ ပုဒ်မ ၁၃၂၊ ပုဒ်မ ၁၃၉ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ကော်မတီအဆင့်ဆင့်က ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း (၆၀) အတွင်း အစိုးရအဖွဲ့သို့ အယူခံနိုင်သည်။

၁၄၁။ မှတ်ပုံတင်ထားသော တစ်ပိုင်တစ်နိုင်စက်တပ်ရေယာဉ်ငယ်များသည် မြစ်ချောင်း၊ အင်းအိုင်များအတွင်း ဖြတ်သန်းသွားလာခွင့်ရှိသည်။ သို့ရာတွင် ကူးတို့လုပ်ငန်းလိုင်စင်မရှိဘဲ ခရီးသည်တင်ဆောင်ခြင်း၊ အခကြေးငွေဖြင့်ပစ္စည်းသယ်ဆောင်ခြင်းမပြုရ။

**အခန်း (၁၃)**

**တိရစ္ဆာန်များသတ်ဖြတ်ခွင့်၊ ဝယ်ယူသယ်ဆောင်ခွင့်တို့ကို စီမံခန့်ခွဲခြင်း**

၁၄၂။ ကော်မတီသည် ကျွဲ၊ နွား၊ နွားနောက်၊ လား၊ မြင်း၊ မြည်း၊ သိုး၊ ဆိတ်၊ ဝက် တို့ကို အများပြည်သူ စားသုံးရန် ခေါင်းခွန်စနစ်ဖြင့် စည်ပင်သာယာရေးအဖွဲ့ပိုင် သားသတ်ရုံများနှင့် သတ်မှတ်ထားသော နေရာများတွင် စည်းကမ်းများနှင့်အညီ သတ်ဖြတ်ခြင်း၊ သယ်ဆောင်ခြင်း၊ အသားရောင်းချခြင်း သို့မဟုတ် ဝယ်ယူဖြန့်ဖြူးခြင်းတို့ကိုခွင့်ပြုနိုင်သည်။

၁၄၃။ ကော်မတီသည် မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် ညှိနှိုင်း၍-

(က) မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများအတွက် လူဦးရေအပေါ် မူတည်၍ သားသတ်ရုံ အရေအတွက် သတ်မှတ်ပေးရမည်။

(ခ) သားသတ်ရုံနေရာ သတ်မှတ်ပေးရမည်။

၁၄၄။ ကော်မတီသည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကြက်၊ ဘဲ၊ ငုံး၊ ငါး၊ ပုစွန်တို့ကို သတ်မှတ်ထားသည့်စည်းကမ်းများနှင့်အညီ သတ်ဖြတ်ခြင်း၊ စနစ်တကျ သယ်ဆောင်ခြင်းတို့ကို ခွင့်ပြုနိုင်သည်။

၁၄၅။ တိုင်းဒေသကြီးကော်မတီသည် ပုဒ်မ ၁၄၂ ပါ  တိရစ္ဆာန်သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း တို့နှင့်စပ်လျဉ်း၍ လိုအပ်သော စည်းကမ်းသတ်မှတ်ချက်များကို ထုတ်ပြန်နိုင်သည်။

၁၄၆။ ကော်မတီသည် ကျွဲ၊ နွားများ သတ်ဖြတ်ခွင့်ပြုရာတွင် လယ်ယာလုပ်ငန်းသုံး ကျွဲ၊ နွားများ ပြုန်းတီးမှုမရှိစေရန် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၁၄၇။ ပုဒ်မ ၁၄၂ ခေါင်းခွန်ပေးသွင်းပြီးသူသာလျှင် ကျွဲ၊ နွား၊ နွားနောက်၊ လား၊ မြင်း၊ မြည်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း၊ သားရေနှင့် အရိုးလက်ဝယ်ထားရှိခြင်း ပြုနိုင်သည်။

Myanmar Law Information System (MLIS)

၁၄၈။ အများပြည်သူစားသုံးရန်အလို့ငှာ တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ကျွဲ၊ နွား၊ နွားနောက်တို့ကို တိုင်းဒေသကြီးအတွင်း ဝယ်ယူသယ်ဆောင်ခွင့်ပြုနိုင်သည်။

၁၄၉။ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် ခွင့်ပြုချက်မရှိဘဲ သားသတ်ရုံပြင်ပ၌ သားသတ်လုပ်ငန်းဆောင်ရွက်နေသည်ကို တွေ့ရှိပါက တားမြစ်ခြင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီသို့ အကြောင်းကြားခြင်း ပြုရမည်။

၁၅၀။ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးသည် ပုဒ်မ ၁၄၉ ပါ တာဝန်ကို ပျက်ကွက်ကြောင်း ထင်ရှားပေါ်ပေါက်ပါက စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေး ဥပဒေပုဒ်မ ၁၉၀ အရ အရေးယူခြင်းခံရမည်။

## အခန်း (၁၄)

## ဘဏ္ဍာရေးနှင့် ရန်ပုံငွေထိန်းသိမ်းခြင်း၊ စာရင်းစစ်ဆေးခြင်း

၁၅၁။ ကော်မတီသည် တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့်အညီသာ ကောက်ခံသုံးစွဲခွင့်ရှိသည်။

၁၅၂။ ကော်မတီသည်-

(က) မြို့နယ်အမှုဆောင်အရာရှိက တင်ပြလာသော မြို့နယ်နှင့် မြို့များမှ အရအသုံးခန့်မှန်းခြေငွေစာရင်းကိုစိစစ်၍ တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီ မှတစ်ဆင့် အစိုးရအဖွဲ့ထံတင်ပြရမည်၊

(ခ) စည်ပင်သာယာရေးအဖွဲ့များ၏ အတည်ပြုပြီးသော နှစ်စဉ်အရအသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် လစဉ်ငွေစာရင်းရှင်းတမ်းအားစိစစ်၍ တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီမှတစ်ဆင့် အစိုးရအဖွဲ့ထံတင်ပြရမည်။ နှစ်စဉ် ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး ရက်ပေါင်း (၉၀) အတွင်း ဘဏ္ဍာရေးနှစ်စာရင်း စစ်ဆေးရေးလုပ်ငန်းများ၏ အခြေအနေကို တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီမှတဆင့် အစိုးရအဖွဲ့ထံ တင်ပြရမည်။

၁၅၃။ ကော်မတီသည် မိမိရန်ပုံငွေကို သီးခြားဘဏ်စာရင်းထားရှိ၍ စည်ပင်သာယာရေးလုပ်ငန်းများအတွက် သုံးစွဲခွင့်ရှိသည်။ လတ်တလော အသုံးပြုရန် မလိုအပ်သည့် ရန်ပုံငွေကို တိုးပွားအောင် သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်နိုင်သည်။

၁၅၄။ ကော်မတီသည် ရရှိသောနိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်း ဖွင့်လှစ်ထားရှိ၍ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲနိုင်သည်။

၁၅၅။ တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီသည် မြို့နယ်အမှုဆောင်အရာရှိက ငွေစာရင်းများ စနစ်တကျထိန်းသိမ်းခြင်းနှင့် စစ်ဆေးခြင်းပြုနိုင်ရန်အတွက် ငွေစာရင်းလုပ်ထုံးလုပ်နည်းများကို တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့် ညှိနှိုင်း၍ သတ်မှတ်ရမည်။ မြို့နယ်အမှုဆောင်အရာရှိသည် သတ်မှတ် ထားရှိသည့် ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ငွေစာရင်းများပြုစုထားရှိစေရမည်။

၁၅၆။ မြို့နယ်အမှုဆောင်အရာရှိက တာဝန်ခံထိန်းသိမ်းထားသည့် စာရင်းများကို တိုင်းဒေသကြီး စာရင်းစစ်ချုပ်က တာဝန်ပေးအပ်ခြင်းခံရသူ၏ စစ်ဆေးခြင်းကို ခံယူရမည်။

Myanmar Law Information System (MLIS)

၁၅၇။ တိုင်းဒေသကြီးအစိုးရသည် နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်း ရေးဆွဲသည့်အခါ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေအရ တပ်ရိုက်သော ဒဏ်ကြေးငွေ၏ အနည်းဆုံး ၅၀ ရာခိုင်နှုန်းကို သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီအတွက် လျာထားရေးဆွဲရမည်။

## အခန်း (၁၅)

## ဝန်ထမ်းဖွဲ့စည်းပုံ

၁၅၈။ အစိုးရအဖွဲ့သည် စည်ပင်သာယာရေးအဖွဲ့တစ်ဖွဲ့စီ၏ လုပ်ငန်းတာဝန်များနှင့် ဝင်ငွေပမာဏကို အခြေခံလျက် လိုအပ်သောဝန်ထမ်း ဖွဲ့စည်းပုံကို ရေးဆွဲအတည်ပြုထားရှိရမည်။ လိုအပ်ပါက စည်းကမ်း ထိန်းသိမ်းရေး ဝန်ထမ်းများကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။

၁၅၉။ ဝန်ကြီးသည် ဝန်ထမ်းများခန့်ထားရေး၊ ရာထူးတိုးမြှင့်ရေး၊ ပြည်တွင်းပြည်ပ သင်တန်းများစေလွှတ်ရေးနှင့် ဝန်ထမ်းဖွဲ့စည်းပုံပြင်ဆင်ရေးတို့ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်သည်။

၁၆၀။ ဝန်ကြီးသည် သင့်လျော်သည့်ဝန်ထမ်းအဆင့်များနှင့်စပ်လျဉ်း၍ ဝန်ထမ်းရေးရာကိစ္စရပ်များ ဆောင်ရွက်ရန် တိုင်းဒေသကြီးအမှုဆောင်အရာရှိနှင့် မြို့နယ်အမှုဆောင်အရာရှိအား ဝန်ထမ်းရေးရာ လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးနိုင်သည်။

၁၆၁။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဖြစ်စေ၊ အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့်ဖြစ်စေညှိနှိုင်း၍ ဝန်ထမ်းများကို လွှဲပြောင်း ရယူခြင်း၊ လွှဲပြောင်းပေးခြင်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည်။

၁၆၂။ ဝန်ထမ်းများအတွက် ကုန်ကျစရိတ်သည် နှစ်စဉ်ဝင်ငွေ၏ သုံးဆယ်ရာခိုင်နှုန်းထက် ကျော်လွန်ခြင်း မရှိစေရ။ ဝင်ငွေနည်းသော မြို့နယ်များ၏ ဝန်ထမ်းများအတွက် ကုန်ကျစရိတ်ကို တိုင်းဒေသကြီးအစိုးရ အဖွဲ့၏ ခွင့်ပြုချက်ဖြင့် ကျခံသုံးစွဲနိုင်သည်။

## အခန်း (၁၆)

## တားမြစ်ချက်များ

၁၆၃။ မည်သူမျှ စည်ပင်သာယာနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ လမ်းနယ်နိမိတ်၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက် တစ်ခုခုပေါ်တွင် ကျူးကျော်၍ ဝင်းခြံနေရာ တိုးချဲ့သတ်မှတ်ခြင်း၊ အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆောက်လုပ်ခြင်း၊ မြေဖို့ခြင်း၊ ကွန်ကရစ်ခင်းခြင်းမပြုရ၊

(ခ) အများပြည်သူနှင့်ဆိုင်သော လမ်း၊ လမ်းနယ်နိမိတ်၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက် တစ်ခုခုပေါ်တွင် ပိတ်ဆို့၍ အထည်အလိပ် သို့မဟုတ် အခြားပစ္စည်း တစ်ခုခုကို ဖြန့်ထားခြင်း သို့မဟုတ် ဆွဲထားခြင်း မပြုရ၊

Myanmar Law Information System (MLIS)

(ဂ) အများပြည်သူနှင့်သက်ဆိုင်သော ရေစီးရေလာ၊ ရေမြောင်းနှင့် လမ်းကိုဟန့်တားနှောင့်ယှက်သည့် ဆောင်ရွက်မှုများပြုလုပ်ထားရှိခြင်းမပြုရ၊

(ဃ) ပုဂ္ဂလိကဈေး၊ ခြံစည်းရိုး၊ သစ်ပင်၊ လမ်းနယ်နိမိတ်၊ လမ်း၊ လမ်းနယ်နိမိတ်မှ လွတ်ကင်းသော်လည်း အများနှင့်သက်ဆိုင်သည့် မြေလွတ်၊ မြေကွက်လပ်စသည့်နေရာများတွင် ကြော်ငြာ၊ ကြော်ငြာဆိုင်းဘုတ် များ စိုက်ထူခြင်း၊ တပ်ဆင်ခြင်းမပြုရ၊

(င) လမ်းပေါ်နှင့်လမ်းနယ်နိမိတ်တွင် ယာဉ်များကိုရေဆေးခြင်း၊ ပြင်ဆင်ခြင်း၊ ခွင့်ပြုချက်မရှိဘဲ ညအိပ် ရပ်နားခြင်းနှင့် ကတ္တရာလမ်းအား ရေဖျန်းခြင်းမပြုရ။

၁၆၄။ မည်သူမျှ စည်ပင်သာယာနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ ထုတ်ပြန်ထားသော စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) အများပြည်သူသွားလာသည့် လမ်းပေါ်တွင် မည်သည့်ကစားနည်းမျိုးမျှ ကစားခြင်းမပြုရ၊

(ခ) လမ်းပေါ်တွင်လည်းကောင်း၊ လမ်းနယ်နိမိတ်ရှိ ရေစီးရေလာ မြောင်းပေါ်တွင်လည်းကောင်း ပိတ်ဆို့၍ စားပွဲ၊ ခုံတန်းလျား၊ သေတ္တာ၊ ဗျပ်၊ ကုန်ပစ္စည်း သို့မဟုတ် အခြားအရာဝတ္ထုတစ်ခုခုကို ခင်းကျင်းခြင်း သို့မဟုတ် ဈေးရောင်းချခြင်းမပြုရ၊

(ဂ) အမှိုက်၊ မိလ္လာ၊ အညစ်အကြေးစသည်တို့ကို လမ်းပေါ်၊ လမ်းနယ်နိမိတ်၊ လမ်းဘေးရေမြောင်း အတွင်း သို့မဟုတ် စွန့်ပစ်ရန် သတ်မှတ်မထားသော နေရာတွင် စွန့်ပစ်ခြင်း မပြုရ၊

(ဃ) ကိုယ်ပိုင်လမ်းဖောက်လုပ်ခြင်းမပြုရ၊

(င) ဝင်နိုင်ထွက်နိုင်သော လမ်းလုံးဝမရှိသည့်မြေပေါ်တွင် အဆောက်အအုံများ ဆောက်လုပ်ခြင်းမပြုရ၊

(စ) အများပြည်သူသုံးသန့်စင်ခန်းများ ဖွင့်လှစ်ခြင်းမပြုရ၊

(ဆ) သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ထားသော ပန်းခုံ၊ ပန်းဝိုင်း၊ မြေယာရှုခင်းများ၊ ဆိုင်းဘုတ်များ၊ ပန်းအလှပင်များ၊ မီးသီး၊ မီးချောင်း၊ မီးဆိုင်းများနှင့် အပန်းဖြေရေးအလို့ငှာဆောင်ရွက်ထားသောပစ္စည်း၊ ကိရိယာများအား ဖျက်ဆီးခြင်း၊ ရွှေ့လျားအောင်ပြုလုပ်ခြင်းများ မပြုရ၊

(ဇ) အများပြည်သူဆိုင်ရာနေရာများတွင် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်း၊ ကျရောက်စေခြင်း၊ ပြန့်ကြဲအောင်ပြုလုပ်ခြင်း၊ ကွမ်းတံတွေးထွေးခြင်း၊ ကျင်ကြီးကျင်ငယ် စွန့်ခြင်းများ မပြုရ၊

(ဈ) မောင်းနှင်စီးနင်းသွားလာနေသော သို့မဟုတ် ရပ်တန့်ထားသော ယာဉ်တစ်မျိုးမျိုးပေါ်မှ အမှိုက်တစ်စုံတစ်ရာကို စည်းကမ်းမဲ့စွန့်ပစ်ခြင်း၊ ကြဲချခြင်းမပြုရ၊

(ည) လမ်းနှင့် လူသွားစင်္ကြံများပေါ်တွင် အမှိုက်၊ အညစ်အကြေးများကို စုပုံခြင်း၊ သွန်ချခြင်းမပြုရ၊

(ဋ) အမှိုက်ကန်၊ အမှိုက်ပုံးသို့ သွားရောက်သည့်လမ်းကြောင်းတွင် မည်သည့်အမှိုက်မျှ စွန့်ပစ်ခြင်းမပြုရ၊

(ဌ) သတ်မှတ်ပေးထားသော အမှိုက်ကန်၊ အမှိုက်ပုံး၊ ယာယီအမှိုက် စုပုံရန်နေရာနှင့် အမှိုက်သိမ်းဆည်းသည့် ယာဉ်တို့မှအပ အခြားနေရာများတွင် အမှိုက်စွန့်ပစ်ခြင်းမပြုရ၊

(ဍ) သဘာဝပတ်ဝန်းကျင်ပျက်စီးစေမည့် မြေထု၊ လေထု၊ ရေထုညစ်ညမ်းမှုဖြစ်ပေါ်စေနိုင်သည့် မည်သည့်အရာမျှ မပြုလုပ်ရ၊

Myanmar Law Information System (MLIS)

(ဃ) ရေနုတ်မြောင်းများအတွင်းသို့ အမှိုက်များစွန့်ပစ်ခြင်းမပြုရ။

၁၆၅။ မည်သူမျှ စည်ပင်သာယာနယ်နိမိတ်အတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) အဆောက်အအုံတစ်ခုခုကို ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ မြေပေါ်၊ မြေအောက်နှင့် လေပေါ်တွင် တိုးချဲ့ဆောက်လုပ်ခြင်း၊ ဖြိုဖျက်ခြင်း မပြုရ၊

(ခ) အိမ်ခြံဝင်းယာယီကာရံခြင်း၊ အခိုင်အမာကာရံခြင်းမပြုရ၊

(ဂ) ကိုယ်ပိုင်စီးပွားဖြစ်ရေပေးရေးလုပ်ငန်း တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ၊

(ဃ) အများပြည်သူအတွက် စခန်းချရန်နေရာဖြစ်စေ၊ ရေချိုးဆိပ်ဖြစ်စေ၊ အပန်းဖြေနေရာဖြစ်စေ၊ ရေကူးကန်ဖြစ်စေ တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။

၁၆၆။ မည်သူမျှ စည်ပင်သာယာနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) လူသေအလောင်းကို သတ်မှတ်ထားသည့် ကာလထက်ကျော်လွန်၍ မြေမမြှုပ်ဘဲထားရှိခြင်း သို့မဟုတ် မီးမသင်္ဂြိုဟ်ဘဲထားရှိခြင်းမပြုရ၊

(ခ) ကူးစက်တတ်သောရောဂါကြောင့် သေဆုံးသည့် လူသေအလောင်းကို ၁၂ နာရီထက်ကျော်လွန်၍ မြေမမြှုပ်ဘဲထားရှိခြင်း၊ မီးမသင်္ဂြိုဟ်ဘဲထားရှိခြင်းမပြုရ၊

(ဂ) သုသာန်မြေအဖြစ် သတ်မှတ်ထားသည့်နေရာမှအပ အခြားနေရာတွင် လူသေအလောင်းကို မြေမြှုပ် ခြင်း၊ မီးသင်္ဂြိုဟ်ခြင်း၊ ဂူသွင်းခြင်းမပြုရ။

၁၆၇။ မည်သူမျှ စည်ပင်သာယာနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသော စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) စားသောက်ဆိုင်၊ အအေးဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ကော်ဖီဆိုင်၊ နွားနို့ဆိုင်စသည့် အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချခြင်းမပြုရ၊

(ခ) ပေါင်မုန့်၊ မုန့်ဖုတ်လုပ်ငန်း၊ ချိုချဉ်၊ ယိုမျိုးစုံလုပ်ငန်း၊ ဖျော်ရည်လုပ်ငန်း၊ စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းများ တည်ထောင်လုပ်ကိုင်ခြင်းမပြုရ။

၁၆၈။ မည်သူမျှ စည်ပင်သာယာနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် ဥပစာတစ်ခုတွင်-

(က) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုရ၊

(ခ) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းနှင့် သက်ဆိုင်သော ပစ္စည်းများရောင်းချခြင်း သို့မဟုတ် သိုလှောင်ခြင်း မပြုရ။

Myanmar Law Information System (MLIS)

၁၆၉။ မည်သူမျှ စည်ပင်သာယာနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်–

(က) တိရစ္ဆာန်များထားရှိခြင်း သို့မဟုတ် မွေးမြူခြင်း၊ စည်းကမ်းမဲ့လွှတ်ကျောင်းခြင်းမပြုရ၊

(ခ) တိရစ္ဆာန်အသေကောင်များကို သတ်မှတ်ချက်များနှင့်အညီ မဟုတ်ဘဲ အခြားနည်းလမ်းဖြင့် သုတ်သင်ရှင်းလင်းခြင်းမပြုရ။

၁၇၀။ မည်သူမျှ စည်ပင်သာယာနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်–

(က) ပုဂ္ဂလိကဈေး တည်ထောင်ဖွင့်လှစ်ခြင်း၊ ဈေးကို တစ်နေရာမှ အခြားတစ်နေရာသို့ ပြောင်းရွှေ့ခြင်း၊ ဈေးအဖြစ်မှ ရပ်ဆိုင်းထားပြီးသောဈေးကို ပြန်လည်တည်ထောင်ဖွင့်လှစ်ခြင်း၊ ဈေး၏ မူလဧရိယာ အကျယ်အဝန်းကို တိုးခြင်း၊ လျှော့ခြင်းမပြုရ၊

(ခ) စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးတွင် စည်းကမ်းဖောက်ဖျက်၍ ဈေးရောင်းခြင်းမပြုရ၊

(ဂ) ကျွဲပွဲဈေး၊ နွားပွဲဈေးများ တည်ထောင်ဖွင့်လှစ်ပြီး ဝယ်ယူရောင်းချခြင်းမပြုရ၊

(ဃ) ရေသန့်၊ ရေခဲ၊ အချိုရည်စက်ရုံများ၊ အခြားစက်ရုံအလုပ်ရုံများ တည်ထောင်လုပ်ကိုင်ခြင်းမပြုရ၊

(င) အပေါင်ဆိုင်လုပ်ငန်းကို တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ၊

(စ) ပုဂ္ဂလိကစီးပွားဖြစ် ဝန်ဆောင်မှုလုပ်ငန်းများကို တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ၊

(ဆ) ယာဉ်ရပ်နားစခန်းများ၊ ခရီးသည်နှင့် ကုန်တင်ကုန်ချ ပြုလုပ်သည့် နေရာ၊ မော်တော်ယာဉ် လက်မှတ် ရောင်းချရန်နေရာ၊ မော်တော်ယာဉ်များဝင်၊ ထွက်၊ ရပ်နားဂိတ်ထိုးရန် နေရာတည်ထောင် ဖွင့်လှစ်ခြင်းမပြုရ။

၁၇၁။ မည်သူမျှ စည်ပင်သာယာနယ်နိမိတ်အတွင်း–

(က) ဤဥပဒေ၊ ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များအရ မြေ သို့မဟုတ် အဆောက်အအုံအတွင်းသို့ နေ့အချိန်ဝင်ရောက်စစ်ဆေးမည့် ကော်မတီကိုဖြစ်စေ၊ ကော်မတီအဖွဲ့ဝင်ကိုဖြစ်စေ နည်းလမ်းတကျအခွင့်အာဏာလွှဲအပ်ခြင်းခံရသော စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းကိုဖြစ်စေ တားမြစ်ခြင်းမပြုရ။ သို့ရာတွင် ညအချိန် ဝင်ရောက်စစ်ဆေး ရန် လိုအပ်သော စည်ပင်သာယာရေးလုပ်ငန်းများဖြစ်ပါက မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်ရယူရမည်။

(ခ) စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ရန်ကော်မတီနှင့် စာချုပ် ချုပ်ဆိုထားသည့် ကန်ထရိုက်အား စာချုပ်ပါလုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် ထိုလုပ်ငန်းနှင့် ဆက်နွယ်နေသည့်လုပ်ငန်း တစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းမပြုနိုင်စေရန် ဥပဒေနှင့်အညီမဟုတ်ဘဲ ပိတ်ပင်ခြင်း၊ တားဆီးနှောင့်ယှက် ခြင်းမပြုရ။

၁၇၂။ မည်သူမျှ ကော်မတီကခွင့်ပြုထားသည့် အဆောက်အအုံပုံစံနှင့် ကွဲလွဲခြားနားသည့် အဆောက် အအုံကို ဆောက်လုပ်ခြင်းမပြုရ။

၁၇၃။ မည်သူမျှ ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ အောက်ပါပြုလုပ်မှုတစ်ခုခုကို လုပ်ကိုင်ခြင်းမပြုရ–

Myanmar Law Information System (MLIS)

(က) ကော်မတီပိုင် ရေပေးဝေရေးလုပ်ငန်းမှ ရေပိုက်များကို ဖျက်ဆီးခြင်း၊ ရေပိုက်ကိုဖောက်၍ မိမိနေအိမ်တွင်းသို့ ရေကို ဆက်သွယ်ရယူခြင်း၊

(ခ) ကော်မတီကခွင့်ပြုထားသော ရေသွယ်ပိုက်မှ ဆင့်ပွားပိုက်ဆက်ဖြင့် တပ်ဆင်ဆက်သွယ်ခြင်း၊

(ဂ) ကော်မတီကခွင့်ပြုထားသော ရေသွယ်ပိုက်မှရေကို ပိုမိုရရှိစေရန် လျှပ်စစ် သို့မဟုတ် စွမ်းအင်တစ်မျိုးမျိုးကို အသုံးပြု၍ဖြစ်စေ၊ လက်နှိပ်တုံကင် အသုံးပြု၍ဖြစ်စေ ရေကို ရယူသုံးစွဲခြင်း၊

(ဃ) ကော်မတီ၏ ခွင့်ပြုချက်ဖြင့် တပ်ဆင်ထားသော ရေမီတာကို တရားမဝင် ပြုပြင်ခြင်း၊ ဖျက်ဆီးခြင်း၊ ဖြုတ်သိမ်းခြင်း၊ တစ်နည်းနည်းဖြင့် ပြောင်းလဲတပ်ဆင်ခြင်း သို့မဟုတ် တပ်ဆင်ထားသောရေမီတာကို အသုံးမပြုဘဲ ရေဆက်သွယ်ခြင်း။

၁၇၄။ မည်သူမျှ ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ စည်ပင်သာယာနယ်နိမိတ်အတွင်း ယာဉ်ရပ်နားစခန်းဖွင့်လှစ်ခြင်း၊ဘီးခွန်၊မော်တော်ယာဉ်ညအိပ်ခွန်၊ မော်တော်ယာဉ်ရပ်နားခ၊ မော်တော်ယာဉ်စောင့်ရှောက်ခ ကောက်ခံခြင်းမပြုရ။

၁၇၅။ မည်သူမျှ ကော်မတီခွင့်ပြုချက်မရှိဘဲ ကော်မတီက သတ်မှတ်သည့်လမ်းနှင့် တံတားများတွင်မောင်းနှင်ခွင့်မပြုသော မော်တော်ယာဉ်အမျိုးအစားကိုဖြစ်စေ၊ ခွင့်ပြုသည့်ဝန်ထက်ပိုသော မော်တော်ယာဉ်ကိုဖြစ်စေ မောင်းနှင်ခြင်းမပြုရ။

၁၇၆။ မည်သူမဆို မိမိပိုင်သော သို့မဟုတ် မိမိလက်ဝယ်ရှိသော မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော ဘီးခွန်၊ မော်တော်ယာဉ်ညအိပ်ခွန်နှင့် မော်တော်ယာဉ်ရပ်နားခများကို ပေးဆောင်ရန်ပျက်ကွက်ခြင်း မရှိစေရ။

၁၇၇။ မည်သူမျှ စည်ပင်သာယာနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် စည်းကြပ်ကောက်ခံသည့် ပစ္စည်းခွန်ကို ပေးဆောင်ရန် ပျက်ကွက်ခြင်းမရှိစေရ။

၁၇၈။ မည်သူမျှကော်မတီက ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်မရှိဘဲ စည်ပင်သာယာနယ်နိမိတ်အတွင်း ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ်အခန်းလိုက်ငှားသော အဆောက်အအုံလုပ်ငန်းကိုဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၁၇၉။ မည်သူမျှ ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ စည်ပင်သာယာနယ်နိမိတ်အတွင်း ယာယီဇာတ်ရုံဆောက်လုပ်ခြင်းမပြုရ။

၁၈၀။ မည်သူမျှ ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ စည်ပင်သာယာနယ်နိမိတ်အတွင်း အိမ်ဆိုင်၊ ကုန်စုံဆိုင်၊ကုန်ပဒေသာဆိုင်များ ဖွင့်လှစ်ရောင်းချခြင်းမပြုရ။

၁၈၁။ မည်သူမျှ ကော်မတီက ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်မရှိဘဲ စည်ပင်သာယာနယ်နိမိတ်အတွင်း ကုန်တိုက်၊ ပုဂ္ဂလိကဈေးများ ဖွင့်လှစ်ရောင်းချခြင်းမပြုရ။

၁၈၂။ မည်သူမျှ စည်ပင်သာယာနယ်နိမိတ်အတွင်း-

(က) မမှန်ကန်သည့် အလေး၊ ချိန်ခွင်၊ အခြင်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းခြင်း၊ ဝယ်ယူခြင်းမပြုရ၊

(ခ) ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ လမ်းဘေးဈေးဆိုင် ဖွင့်လှစ်ရောင်းချခြင်းမပြုရ၊

Myanmar Law Information System (MLIS)

(ဂ) ကော်မတီက ကန့်သတ်ထားသည့် နေရာနှင့်အချိန်တို့တွင် လမ်းဘေးဈေးဆိုင် ဖွင့်လှစ်ရောင်းချခြင်း မပြုရ။

၁၈၃။ မည်သူမျှ ကော်မတီက ထုတ်ပေးထားသော ယာဉ်ဖြင့်လှည့်လည်ရောင်းချခွင့်လိုင်စင်မရှိဘဲ စည်ပင်သာယာနယ်နိမိတ်အတွင်း ယာဉ်တစ်မျိုးမျိုးကို အသုံးပြု၍ ထီလက်မှတ် သို့မဟုတ် ကုန်ပစ္စည်းများကို လှည့်လည်ကြော်ငြာခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရ။

၁၈၄။ မည်သူမျှ စည်ပင်သာယာနယ်နိမိတ်အတွင်း ခွင့်ပြုချက်မရှိဘဲ စီးပွားရေးအလို့ငှာ မိလ္လာအညစ်အကြေး စွန့်ထုတ်မှုလုပ်ငန်းများနှင့် အခြားသော အညစ်အကြေးစွန့်ထုတ်သန့်စင်မှု လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၁၈၅။ မည်သူမျှ စည်ပင်သာယာနယ်နိမိတ်အတွင်း-

(က) မှတ်ပုံတင်လက်မှတ်မရှိဘဲ စီးပွားရေးအလို့ငှာ အသုဘယာဉ်လုပ်ငန်း သို့မဟုတ် ခေါင်းတလားတစ်မျိုးမျိုး ပြုလုပ်ရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

(ခ) မိမိပိုင်အဆောက်အဦးကို အအေးတိုက်၊ အသုဘရှုအဆောင် သို့မဟုတ် မီးသင်္ဂြိုဟ်စက်အဖြစ် တည်ဆောက်ခြင်း၊ အသုံးပြုခြင်း သို့မဟုတ် လုပ်ကိုင်ခြင်းမပြုရ။

၁၈၆။ မည်သူမျှ စည်ပင်သာယာနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ယာဉ်ရပ်နားစခန်း၊ ယာဉ်ရောင်းဝယ်ရေးစခန်း သို့မဟုတ် ယာဉ်မောင်းသင်ကွင်းအဖြစ် မပြုလုပ်ရ။

## အခန်း (၁၇)
## စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်ချမှတ်ခြင်း

၁၈၇။ ကော်မတီသည် ပုဒ်မ ၁၉၁ တွင် ဖော်ပြထားသော ဇယားပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်သူ သို့မဟုတ် ဖောက်ဖျက်ကျူးလွန်သူအား စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်နိုင်သည်။

၁၈၈။ ကော်မတီသည် ပုဒ်မ ၁၉၁ တွင် ဖော်ပြထားသော ဇယားပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ပထမအကြိမ် ဖောက်ဖျက်ကျူးလွန်သူအား စီမံခန့်ခွဲရေးဆိုင်ရာဒဏ်ကြေးငွေ အနည်းဆုံး ကျပ်ငါးထောင်မှ အများဆုံး ကျပ်ငါးသောင်း အထိ ချမှတ်နိုင်သည်။

၁၈၉။ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များချမှတ်သည့်အမှုအတွက် တရားရုံးတွင် ထပ်မံတရားစွဲဆိုခြင်း မပြုရ။

၁၉၀။ (က) စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်အဖြစ်ချမှတ်သည့် ဒဏ်ကြေးငွေကို ပေးဆောင်ရန် ပျက်ကွက်လျှင် ကော်မတီသည် သက်ဆိုင်ရာမြို့နယ်တရားရုံးတွင် တရားစွဲဆိုနိုင်သည်၊

(ခ) စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို မကျေနပ်လျှင် မကျေနပ်သူသည် သက်ဆိုင်ရာမြို့နယ်တရားရုံးတွင် ပုဒ်မ ၁၉၁ အရ တရားစွဲဆိုပေးရန် ကော်မတီသို့ တောင်းဆိုနိုင်သည်။

## အခန်း (၁၈)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

Myanmar Law Information System (MLIS)

၁၉၁။ မည်သူမဆို အောက်ဖော်ပြပါဇယားတွင် ဖော်ပြထားသော ပြဋ္ဌာန်းချက်အကျဉ်းနှင့် သက်ဆိုင်သည့် မူရင်းပုဒ်မများ သို့မဟုတ် မူရင်းပုဒ်မခွဲများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံး တစ်သိန်းကျပ်မှ အများဆုံး ကျပ်သုံးသိန်းကျပ်အထိ ချမှတ်ခြင်းခံရမည်။ ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် အများဆုံးငွေဒဏ်အပြင် ထောင်ဒဏ် (၁) လ အထိ ချမှတ်ခြင်းခံရမည်-

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၆၆(ဃ) | ရေစီးရေလာနှင့် ယာဉ်အသွားအလာကို အနှောင့်အယှက်ဖြစ်စေသော အရာများကို ဖယ်ရှားစေခြင်း သို့မဟုတ် ဖယ်ရှားခြင်း၊ |
| ၆၆(စ) | အဆောက်အအုံ၊ ဝင်းခြံတို့ကို ဆေး သို့မဟုတ် ထုံးသုတ်စေခြင်း၊ |
| ၆၆(ဆ) | ဝင်းခြံမခတ်သည့်မြေကိုဝင်းခြံခတ်စေခြင်း၊မပြုပြင်သည့်ဝင်းခြံကိုပြုပြင်စေခြင်း၊ |
| ၆၆(ဇ) | သစ်ပင်၊ ချုံနွယ်များကို ရှင်းလင်းစေခြင်း၊ ချိုင့်ဝှမ်းကို မြေဖို့စေခြင်း၊ |
| ၆၈(က) | အန္တရာယ်ရှိစေသောရေတွင်း၊ရေကန်၊ရေအိုင်များကိုကာရံစေခြင်း၊ပြုပြင်စေခြင်း၊ |
| ၆၈(ခ) | ကျန်းမာရေးနှင့် မညီညွတ်သော ရေတွင်း၊ ရေကန်၊ ရေလှောင်ကန်၊ ရေစည်၊ ရေအိုင်တို့ကို ဆေးကြောပြုပြင်စေခြင်း၊ ရေဖြည့်ဖုံးအုပ်စေခြင်း၊ |
| ၆၉(က) | အမှိုက်များစွန့်ပစ်ရန်အမှိုက်ပုံး၊ အမှိုက်အိတ်များထားရှိစေခြင်း၊ |
| ၆၉(င) | ပျော်ပွဲရွှင်ပွဲအတွက်၊ အသုံးပြုမည့် အဆောက်အအုံ သတ်မှတ်စည်းကမ်းများနှင့် အညီ ဆောင်ရွက်စေခြင်း၊ |
| ၁၂၉ | အငှားစက်တပ်ယာဉ်ငယ် လုပ်ငန်းလိုင်စင်မရှိဘဲ လုပ်ကိုင်ခြင်း၊ |
| ၁၃၀ | အငှားစက်တပ်ယာဉ်ငယ်ပိုင်ရှင်နှင့် ယာဉ်မောင်းတို့သည် သတ်မှတ်ထားသော စည်းကမ်းများ မလိုက်နာခြင်း၊ |
| ၁၄၁ | ကူးတို့လုပ်ငန်း လိုင်စင်မရှိဘဲ ခရီးသည်တင်ဆောင်ခြင်း၊ အခကြေးငွေဖြင့်ပစ္စည်း သယ်ဆောင်ခြင်း၊ |
| ၁၄၄ | ကြက်၊ ဘဲ၊ ငါး၊ ငုံး၊ ပုစွန်တို့ကို စည်းကမ်းများနှင့်အညီ သတ်ဖြတ်၊ ရောင်းချ၊ သယ်ဆောင်စေခြင်း၊ |
| ၁၄၉ | အုပ်ချုပ်ရေးမှူးသည် တရားမဝင် သားသတ်ခွင့်ပြုခြင်း၊ |
| ၁၆၃(ခ) | လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်ပေါ်တွင် ပိတ်ဆို့၍ ပစ္စည်းများ |

Myanmar Law Information System (MLIS)

| | |
|---|---|
| | ဖြန့်ထားခြင်း၊ |
| ၁၆၃(ဂ) | ရေစီးရေလာ၊ ရေမြောင်းနှင့် လမ်းကို ဟန့်တားနှောင့်ယှက်ဆောင်ရွက်ခြင်း၊ |
| ၁၆၃(ဃ) | လမ်း၊ သစ်ပင်၊ မြေလွတ်၊ မြေကွက်လပ်စသည့် နေရာများတွင် ကြော်ငြာ၊ ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူခြင်း၊ တပ်ဆင်ခြင်း၊ |
| ၁၆၃(င) | လမ်းပေါ်နှင့် လမ်းဘေးတွင် ယာဉ်များကို ရေဆေးခြင်း၊ ပြင်ဆင်ခြင်း၊ ခွင့်ပြုချက်မရှိဘဲ ညအိပ်ရပ်နားခြင်းနှင့် ကတ္တရာလမ်းအား ရေဖျန်းခြင်းမပြုရ၊ |
| ၁၆၄(က) | လမ်းပေါ်တွင် ကစားခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၁၆၉(က) | တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်း၊ စည်းကမ်းမဲ့လွှတ်ကြောင်းခြင်း မပြုရ၊ |
| ၁၆၉(ခ) | တိရစ္ဆာန်အသေကောင်များကိုသတ်မှတ်ချက်နှင့်အညီသုတ်သင်ရှင်းလင်းစေခြင်း၊ |
| ၁၇၀(ခ) | စည်ပင်သာယာရေးအဖွဲ့ပိုင် စည်းကမ်းဖောက်ဖျက်၍ ဈေးရောင်းချခြင်းမပြုရ၊ |
| ၁၇၀(ဆ) | ယာဉ်ရပ်နားစခန်းများ၊ လက်မှတ်ရောင်းချရန်နေရာမော်တော်ယာဉ်များ ဝင်၊ ထွက် ရပ်နား ဂိတ်ထိုးရန်နေရာ တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ၊ |
| ၁၇၃(က) | ကော်မတီပိုင် ရေပိုက်ကိုဖောက်ခြင်း၊ ရေပိုက်ကို ဖောက်၍ မိမိနေအိမ်အတွင်းသို့ ရေကို ဆက်သွယ်ရယူခြင်း၊ |
| ၁၇၃(ခ) | ရေသွယ်ပိုက်မှ ဆင့်ပွားပိုက်ဆက်ဖြင့် တပ်ဆင်ဆက်သွယ်ခြင်း၊ |
| ၁၇၃(ဂ) | ရေသွယ်ပိုက်မှရေကို ပိုမိုရရှိစေရန် လျှပ်စစ် သို့မဟုတ် စွမ်းအင်တစ်မျိုးမျိုးကို အသုံးပြု၍ဖြစ်စေ၊ လက်နှိပ်တုံကင် အသုံးပြု၍ဖြစ်စေ ရေကို ရယူသုံးစွဲခြင်း၊ |
| ၁၇၃(ဃ) | တပ်ဆင်ထားသော ရေမီတာကို တစ်နည်းနည်းဖြင့် ပြောင်းလဲစေခြင်းကို တားမြစ်ခြင်း။ |
| ၁၇၅ | လမ်းတံတားများတွင် သတ်မှတ်ထားသော ဝန်ထက်ပိုသည့် ယာဉ်များ မောင်းနှင်ရပ်နားခြင်းမပြုရန်၊ |
| ၁၇၆ | ဘီးခွန်၊ မော်တော်ယာဉ်ညအိပ်ခွန်နှင့် မော်တော်ယာဉ်ရပ်နားခများကို ပေးဆောင်ရန် ပျက်ကွက်ခြင်း၊ |
| ၁၇၇ | မည်သူမျှ ခွင့်ပြုချက်မရှိလျှင် ပစ္စည်းခွန် ပေးဆောင်ရန် ပျက်ကွက်ခြင်း၊ |
| ၁၇၉ | ယာယီဇာတ်ရုံ ဆောက်လုပ်ခြင်းမပြုရန်၊ |
| ၁၈၀ | အိမ်ဆိုင်၊ ကုန်စုံဆိုင်၊ ကုန်ပဒေသာဆိုင်များ ဖွင့်လှစ်ရောင်းချခြင်းမပြုရန်၊ |
| ၁၈၂(ခ) | လမ်းဘေးဈေးဆိုင် ဖွင့်လှစ်ရောင်းချခြင်းမပြုရန်၊ |
| ၁၈၂(ဂ) | သတ်မှတ်ထားသည့် နေရာနှင့် အချိန်တို့တွင် လမ်းဘေးဈေးဆိုင် ဖွင့်လှစ်ရောင်းချခြင်းမပြုရန်၊ |

Myanmar Law Information System (MLIS)

| | |
|---|---|
| ၁၈၃ | ယာဉ်တစ်မျိုးမျိုးကို အသုံးပြု၍ ထီလက်မှတ် သို့မဟုတ် ကုန်ပစ္စည်းများကို လှည့်လည်ကြော်ငြာခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရန်၊ |
| ၁၈၅(က) | မှတ်ပုံတင်လက်မှတ်မရှိဘဲ အသုဘယာဉ်လုပ်ငန်း သို့မဟုတ် ခေါင်းတစ်မျိုးမျိုး ပြုလုပ်ရောင်းချခြင်းကို တားမြစ်ခြင်း၊ |

ရှင်းလင်းချက်။ အထက်ဖော်ပြပါ ဇယားတိုင် (၂) ပြဋ္ဌာန်းချက်အကျဉ်းခေါင်းစဉ်အောက်ရှိ ဖော်ပြချက် များသည် သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲများပါ ပြစ်မှုများအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်များမဟုတ်ဘဲ သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲပါ အကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက်များသာ ဖြစ်သည်။

၁၉၂။ မည်သူမဆို အောက်ဖော်ပြပါဇယားတွင် ဖော်ပြထားသော ပြဋ္ဌာန်းချက်အကျဉ်းနှင့် သက်ဆိုင် သည့် မူရင်းပုဒ်မများ သို့မဟုတ် မူရင်းပုဒ်မခွဲများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင် ရာနည်းဥပဒေများ၊ စည်းကမ်းပါညွှန်ကြားချက် တစ်ရပ်ရပ်ကိုလည်းကောင်း လိုက်နာရန်ပျက်ကွက် ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ် အနည်းဆုံး ငွေကျပ်သုံးသိန်းမှ အများဆုံးငွေကျပ်တစ်ဆယ်သိန်းထိဖြစ်စေ၊ ထောင်ဒဏ် (၁) လမှ (၆)လ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ခြင်းခံရသည်၊ ထပ်မံကျူးလွန်ပါက အများဆုံးထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်ကျပ်ငါးသိန်းအထိ ချမှတ်နိုင်သည်-

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၆၆(က) | ခွင့်ပြုချက်နှင့်ညီညွတ်မှုမရှိဘဲ အဆောက်အအုံဆောက်လုပ်သည်ကို ရပ်ဆိုင်းစေခြင်း၊ ပြန်လည်ပြင်ဆင်စေခြင်း၊ ဖြိုဖျက်စေခြင်း၊ အစိုးရအဖွဲ့၏ အမိန့်ဖြင့် ဖြိုဖျက်ခြင်း၊ |
| ၆၆(ဂ) | လမ်း၊ တံတား တည်ဆောက်ပြင်ဆင်ရာတွင် မလွတ်ကင်းသော ဝင်းခြံနေရာ၊ အဆောက်အအုံကို ဖယ်ရှားစေခြင်း၊ အစိုးရအဖွဲ့၏ အမိန့်ဖြင့် ဖယ်ရှားခြင်း၊ |
| ၆၆(င) | အန္တရာယ်ရှိသော အဆောက်အအုံကို ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း၊ နေထိုင်သူများကို ဖယ်ရှားစေခြင်း၊ |
| ၆၈(ဂ) | စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် မြေပေါ်မှ စီးဆင်းသည့် ရေကြောင့် အများပြည်သူလမ်းနှင့် ပစ္စည်းများပျက်စီးခြင်း မရှိစေရန် ရေတံလျှောက်၊ ရေဆင်းပိုက်၊ ရေမြောင်းတို့ကို ပြုလုပ်စေခြင်း၊ ပြုပြင်စေခြင်း၊ |
| ၆၈(ဃ) | စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံတို့မှ ရေကောင်းစွာ ထုတ်ပစ်ရန် မြေကို ပြုပြင်စေခြင်း၊ ရေဆိုးများအား စနစ်တကျသန့်စင်စွန့်ပစ်စေခြင်း၊ |

Myanmar Law Information System (MLIS)

| | |
|---|---|
| ၆၈(င) | စက်ရုံ၊ အလုပ်ရုံတွင် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်တို့ကို စီမံထားရှိစေခြင်း၊ |
| ၆၈(စ) | ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်တို့ကို ပိတ်ထားစေခြင်း၊ ဖျက်သိမ်းစေခြင်း၊ ပြုပြင်စေခြင်း၊ |
| ၆၉(ခ) | ဘေးဖြစ်စေတတ်သော ဓာတုပစ္စည်း၊ ကျန်းမာရေးကို ထိခိုက်စေတတ်သော စွန့်ပစ်ပစ္စည်းများကို အများပြည်သူဆိုင်ရာနေရာတွင် စွန့်ပစ်ခြင်းမပြုလုပ်ရ၊ |
| ၆၉(ဂ) | ကျန်းမာရေးနှင့် မညီညွတ်သော ရေပေးရေးလုပ်ငန်းကို ပိတ်ထားစေခြင်း၊ |
| ၆၉(ဃ) | ဟိုတယ်၊မိုတယ်၊တည်းခိုခန်း၊ဘော်ဒါဆောင်၊အခန်းလိုက်ငှားသောအဆောက်အအုံ၊ စားသောက်ဆိုင်တို့ကို သတ်မှတ်စည်းကမ်းများနှင့်အညီ ဆောင်ရွက် စေခြင်း၊ |
| ၆၉(ဆ) | သီးခြားလုပ်ငန်းလိုင်စင် ရရှိထားသည့် လုပ်ငန်းများဆောင်ရွက်ရာတွင် မြို့သာယာလှပရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ အများပြည်သူစိတ်ငြိုငြင်မှုမရှိစေရန်နှင့် ကျန်းမာရေးကို ထိခိုက်မှုလျော့နည်းစေရန် စီမံဆောင်ရွက်စေခြင်း၊ |
| ၇၀(က) | အသုံးပြုရန်မသင့်သည့် သုသာန်မြေကို ပိတ်ထားစေခြင်း၊ |
| ၁၄၂ | ကျွဲ၊ နွား၊ နွားနောက်၊ လား၊ မြင်း၊ မြည်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း၊ |
| ၁၆၄(ခ) | အများပြည်သူနှင့်သက်ဆိုင်သော ရေစီးရေလာ၊ ရေမြောင်းနှင့် လမ်းကို ဟန့်တားနှောင့်ယှက်သည့် ဆောင်ရွက်မှုများ ပြုလုပ်ထားရှိခြင်းမပြုရန်၊ |
| ၁၆၄(ဃ) | ကိုယ်ပိုင်လမ်းဖောက်လုပ်ခြင်းမပြုရန်၊ |
| ၁၆၄(င) | ဝင်ထွက်နိုင်သောလမ်းလုံးဝမရှိသည့်မြေပေါ်တွင်အဆောက်အအုံများဆောက်လုပ်ခြင်းမပြုရန်၊ |
| ၁၆၄(စ) | အများပြည်သူသုံး သန့်စင်ခန်းများ ဖွင့်လှစ်ခြင်းမပြုရန်၊ |
| ၁၆၄(ဆ) | မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှုအား ဖျက်ဆီးခြင်းမပြုရန်၊ |
| ၁၆၅(က) | အဆောက်အအုံ ဆောက်လုပ်ခြင်း၊ ပြင်ဆင်တိုးချဲ့ခြင်း၊ ဖြိုဖျက်ခြင်းမပြုရန်၊ |
| ၁၆၅(ခ) | အိမ်ခြံဝင်းယာယီကာရံခြင်း၊ အခိုင်အမာကာရံခြင်း၊ |
| ၁၆၅(ဂ) | ကိုယ်ပိုင်စီးပွားဖြစ် ရေပေးရေးလုပ်ငန်းတည်ထောင်ဖွင့်လှစ်ခြင်းမပြုရန်၊ |
| ၁၆၅(ဃ) | အများပြည်သူအတွက် စခန်းချရာနေရာ၊ ရေချိုးဆိပ်၊ အပန်းဖြေနေရာ၊ ရေကူးကန်တို့ကို တည်ထောင်ဖွင့်လှစ်ခြင်းမပြုရန်၊ |
| ၁၆၆(က) | လူသေအလောင်းကို သတ်မှတ်သည့်ကာလထက် ကျော်လွန်၍ မထားရန်၊ |
| ၁၆၆(ခ) | ကူးစက်ရောဂါဖြင့် သေဆုံးသည့်လူသေအလောင်းကို (၁၂)နာရီထက်ကျော်လွန်၍ |

Myanmar Law Information System (MLIS)

| | |
|---|---|
| | ထားခြင်းမပြုရန်၊ |
| ၁၆၆(ဂ) | သုသာန်မြေအဖြစ် သတ်မှတ်ထားသည့်နေရာမှအပ လူသေအလောင်းကို မြေမြှုပ်ခြင်း၊ မီးသင်္ဂြိုဟ်ခြင်းမပြုရန်၊ |
| ၁၆၇(က) | စားသောက်ဆိုင်၊ အအေးဆိုင်၊ ကော်ဖီဆိုင်၊ နွားနို့ဆိုင်၊ လက်ဖက်ရည်ဆိုင် ဖွင့်လှစ်ခြင်းမပြုရန်၊ |
| ၁၆၇(ခ) | ပေါင်မုန့်၊ မုန့်ဖုတ်လုပ်ငန်း၊ ချိုချဉ်၊ ယိုမျိုးစုံလုပ်ငန်း၊ ဖျော်ရည်၊ စားသောက်ကုန် ပစ္စည်းများ ထုတ်လုပ်၊ သိုလှောင်၊ ဖြန့်ဖြူးသည့်လုပ်ငန်းများ လုပ်ကိုင်ခြင်း မပြုရန်၊ |
| ၁၇၀(က) | ပုဂ္ဂလိကဈေး ဖွင့်လှစ်ခြင်း၊ ဈေးနေရာပြောင်းရွှေ့ခြင်း၊ ပြန်လည်ဖွင့်လှစ်ခြင်း၊ ဈေးဧရိယာတိုးခြင်း လျော့ခြင်း၊ |
| ၁၇၀(ဂ) | ကျွဲပွဲဈေး၊ နွားပွဲဈေးများ တည်ထောင်ဖွင့်လှစ် ရောင်းချခြင်းမပြုရန်၊ |
| ၁၇၀(ဃ) | ရေသန့်၊ ရေခဲနှင့် အချိုရည်စက်ရုံများ၊ အခြားစက်ရုံ၊ အလုပ်ရုံများ တည်ထောင် လုပ်ကိုင်ခြင်းမပြုရန်၊ |
| ၁၇၀(င) | အပေါင်ဆိုင်လုပ်ငန်း တည်ထောင်ဖွင့်လှစ်ခြင်းမပြုရန်၊ |
| ၁၇၀(စ) | ပုဂ္ဂလိကစီးပွားဖြစ် ဝန်ဆောင်မှုလုပ်ငန်းများကို တည်ထောင်ဖွင့်လှစ်ခြင်းမပြုရန်၊ |
| ၁၇၂ | ခွင့်ပြုထားသည့် အဆောက်အအုံပုံစံနှင့် ကွဲလွဲခြားနားသည့် အဆောက်အအုံ ဆောက်လုပ်ခြင်းကို မပြုရန်၊ |
| ၁၇၄ | ယာဉ်ရပ်နားစခန်းဖွင့်လှစ်ခြင်း၊ ဘီးခွန်၊ မော်တော်ယာဉ်ညအိပ်ခွန်၊ ရပ်နားခ၊ စောင့်ရှောက်ခ ကောက်ခံခြင်းကို မပြုရန်၊ |
| ၁၇၈ | ဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ရပ်ကိုဖြစ်စေ၊ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံလုပ်ငန်းကို ဖြစ်စေ လုပ်ကိုင် ဆောင်ရွက်ခြင်းမပြုရန်၊ |
| ၁၈၁ | လုပ်ငန်းလိုင်စင်မရှိဘဲ ကုန်တိုက်၊ ပုဂ္ဂလိကဈေးများ ဖွင့်လှစ်ရောင်းချခြင်း မပြုရန်၊ |
| ၁၈၂(က) | မမှန်ကန်သည့်အလေး၊ချိန်၊ခွင်၊အခြင်အတွယ်၊အတိုင်းအတာတို့ဖြင့်ဈေးရောင်းခြင်း၊ ဝယ်ယူခြင်းမပြုရန်၊ |
| ၁၈၄ | အညစ်အကြေးစွန့်ထုတ်မှု လုပ်ငန်းများနှင့် အညစ်အကြေးသန့်စင်မှု လုပ်ငန်း များကို လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရန်၊ |
| ၁၈၅(ခ) | အသုဘရှုအဆောင် သို့မဟုတ် မီးသင်္ဂြိုဟ်စက်၊ အအေးတိုက်အဖြစ် တည်ဆောက် ခြင်း၊ အသုံးပြုခြင်း သို့မဟုတ် လုပ်ကိုင်ခြင်းမပြုရန်၊ |

Myanmar Law Information System (MLIS)

| | |
|---|---|
| ၁၈၆ | ယာဉ်ရပ်နားစခန်း၊ ယာဉ်ရောင်းဝယ်ရေးစခန်း သို့မဟုတ် ယာဉ်မောင်းသင်ကွင်း မပြုလုပ်ရန်၊ |

**ရှင်းလင်းချက်။** အထက်ဖော်ပြပါ ဇယားတိုင် (၂) ပြဋ္ဌာန်းချက်အကျဉ်းခေါင်းစဉ်အောက်ရှိ ဖော်ပြချက် များသည် သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲများပါ ပြစ်မှုများအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်များမဟုတ်ဘဲ သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲပါ အကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက်များသာဖြစ်သည်။

၁၉၃။ မည်သူမဆို အောက်ဖော်ပြပါဇယားတွင် ဖော်ပြထားသော ပြဋ္ဌာန်းချက် အကျဉ်းနှင့် သက်ဆိုင်သည့်မူရင်းပုဒ်မများ သို့မဟုတ် မူရင်းပုဒ်မခွဲများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများပါညွှန်ကြားချက်တစ်ရပ်ရပ်ကိုလည်းကောင်း လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံးကျပ်သိန်းသုံးဆယ်ထိဖြစ်စေ ထောင်ဒဏ် (၁)နှစ်မှ (၃)နှစ်အထိဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်၊ ထပ်မံကျူးလွန်ပါက အများဆုံး ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်အများဆုံး ကျပ်သိန်းသုံးဆယ်ထိ ချမှတ်နိုင်သည်-

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၆၆(ခ) | မြေ၊ လေ၊ လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်ပေါ်တွင် ဝင်းခြံနေရာတိုးချဲ့သတ်မှတ်ခြင်း၊ အဆောက်အအုံကျူးကျော်ဆောက်လုပ်ခြင်းကို ဖယ်ရှားစေခြင်း၊ အစိုးရ၏ အမိန့်ဖြင့် ဖယ်ရှားခြင်း၊ |
| ၆၉(စ) | အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းလုပ်ကိုင်ရာတွင် အန္တရာယ်ရှိလာလျှင် လုပ်ငန်းနေရာကို အသုံးမပြုစေခြင်း၊ ပြင်ဆင်စီမံဆောင်ရွက်စေခြင်း၊ ပိတ်သိမ်းစေခြင်း၊ |
| ၇၀(ဂ) | သုသာန်မြေကို ရွှေ့ပြောင်းစေခြင်း၊ ဖျက်သိမ်းစေခြင်း၊ |
| ၁၆၃(က) | အများပြည်သူနှင့် သက်ဆိုင်သော လမ်း၊ လမ်းနယ်နိမိတ် ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်ပေါ်တွင် ဝင်းခြံနေရာတိုးချဲ့သတ်မှတ်ခြင်း၊ အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏တစ်စိတ်တစ်ဒေသကိုဖြစ်စေ ကျူးကျော်ဆောက်လုပ်ခြင်း မပြုရန်၊ |
| ၁၆၈(က) | အန္တရာယ်ရှိစေသော လုပ်ငန်းကိုလုပ်ကိုင်ခြင်းမပြုရန်၊ |
| ၁၆၈(ခ) | အန္တရာယ်ရှိစေသော လုပ်ငန်းနှင့်ပတ်သက်သော ပစ္စည်းများရောင်းချခြင်း၊ သိုလှောင်ခြင်းမပြုရန်၊ |

Myanmar Law Information System (MLIS)

**ရှင်းလင်းချက်။** အထက်ဖော်ပြပါ ဇယားတိုင် (၂) ပြဋ္ဌာန်းချက်အကျဉ်းခေါင်းစဉ်အောက်ရှိ ဖော်ပြချက် များသည် သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲများပါ ပြစ်မှုများအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်များမဟုတ်ဘဲ သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲပါ အကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက်များသာဖြစ်သည်။

၁၉၄။ မည်သူမဆို ပုဒ်မ ၁၃၅၊ ပုဒ်မ ၁၃၆၊ ပုဒ်မ ၁၃၇ တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံး ကျပ် ငါးသောင်းမှ အများဆုံးကျပ်နှစ်သိန်းထိချမှတ်ခြင်းခံရမည်။ ထို့ပြင် ပြစ်မှုနှင့် သက်ဆိုင်သော သက်သေခံ ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်။

၁၉၅။ မည်သူမဆို ပုဒ်မ ၁၉၁ တွင် ဖော်ပြထားသော ဇယားပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက်တွင် ဆက်လက်၍ လိုက်နာရန် ပျက်ကွက်လျှင် သို့မဟုတ် ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူသည် ဆက်လက်၍ ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ခြင်းပြုသည့်နေ့ အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ်ကျပ် တစ်သောင်းချမှတ်ခြင်းခံရမည်။

၁၉၆။ မည်သူမဆို ပုဒ်မ ၁၉၂ တွင် ဖော်ပြထားသော ဇယားပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက်တွင် ဆက်လက်၍ လိုက်နာရန် ပျက်ကွက်လျှင် သို့မဟုတ် ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူသည်ဆက်လက်၍ ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ခြင်းပြုသည့်နေ့ အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ်ကျပ်သုံးသောင်းချမှတ်ခြင်း ခံရမည်။

၁၉၇။ မည်သူမဆို ပုဒ်မ ၁၉၃ တွင် ဖော်ပြထားသော ဇယားပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက်တွင် ဆက်လက်၍ လိုက်နာရန် ပျက်ကွက်လျှင် သို့မဟုတ် ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူသည် ဆက်လက်၍ ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ခြင်းပြုသည့်နေ့ အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ်ကျပ်ငါးသောင်း ချမှတ်ခြင်းခံရမည်။

၁၉၈။ မည်သူမဆို ပုဒ်မ ၁၇၁ ပါ  ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံးကျပ်ငါးသောင်းမှ အများဆုံးကျပ်တစ်သိန်း အထိ ချမှတ်ခြင်းခံရမည်။

၁၉၉။ မည်သူမဆို စည်ပင်သာယာရေးနှင့် သက်ဆိုင်သည့်မြေများကို စည်ပင်သာယာရေးလုပ်ငန်းများ အတွက် ဆောင်ရွက်ခြင်းမရှိဘဲ မိမိကိုယ်ကျိုးစီးပွားအတွက် ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊

Myanmar Law Information System (MLIS)

ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ အခြားနည်းဖြင့် အသုံးပြုခြင်းများမပြုရ၊ ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူခြင်းခံရမည်။

၂၀၀။ စည်ပင်သာယာရေး ကော်မတီအဖွဲ့ဝင်များနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများသည် စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြု၍ အကျိုးအမြတ်ရယူပါက တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်။

၂၀၁။ (က) ပုဒ်မ ၁၄၂ အရ ခွင့်ပြုချက်မရှိဘဲ ကျွဲ၊ နွား၊ နွားနောက်၊ လား၊ မြင်း၊ မြည်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို သတ်ဖြတ်သည့်အတွက် စွဲဆိုသော အမှုများကို သက်ဆိုင်ရာ ကော်မတီက တရားစွဲဆိုရမည်၊

(ခ) ပုဒ်မခွဲ (က) အရ စွဲဆိုသော အမှုများမှအပ ဤဥပဒေအရ စွဲဆိုသော အမှုများကို သက်ဆိုင်ရာ ကော်မတီ သို့မဟုတ် ကော်မတီက တာဝန်လွှဲအပ်သော ပုဂ္ဂိုလ်က တရားစွဲဆိုရမည်။

၂၀၂။ ကော်မတီသည် ဤဥပဒေအရ မိမိတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီကို တောင်းခံရယူနိုင်သည်။ ထိုကဲ့သို့ တောင်းခံလာပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့က အကူအညီပေးရမည်။

## အခန်း (၁၉)

## အထွေထွေ

၂၀၃။ ကော်မတီသည် လိုင်စင်ခ၊ အခွန်အခ၊ သက်တမ်းတိုးမြှင့်ခ၊ ဒဏ်ကြေးနှင့် ဝန်ဆောင်မှု အခကြေးငွေတို့ကို နှစ်စဉ်သတ်မှတ်ခြင်း သို့မဟုတ် ပြင်ဆင်သတ်မှတ်ခြင်းပြုနိုင်သည်။

၂၀၄။ ကော်မတီသည် ဤဥပဒေအရ ကင်းလွတ်ခွင့်ရှိသော အိမ်ဆိုင်အမျိုးအစားကို သတ်မှတ်ခြင်း သို့မဟုတ် ပြင်ဆင်သတ်မှတ်ခြင်းပြုနိုင်သည်။

၂၀၅။ ကော်မတီသည် ဤဥပဒေအရ ဆောင်ရွက်ရန်ရှိသော လုပ်ငန်းတာဝန်များကို မိမိလက်အောက်ရှိ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား လွှဲအပ်ဆောင်ရွက်နိုင်သည်။

၂၀၆။ စည်ပင်သာယာရေးကိစ္စတစ်ရပ်ရပ်သည် စည်ပင်သာယာရေးအဖွဲ့၊ စည်ပင်သာယာရေးကော်မတီ နှစ်ဖွဲ့ သို့မဟုတ် နှစ်ဖွဲ့ထက်ပိုသော အဖွဲ့များနှင့် ဆက်စပ်နေပါက ယင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် သက်ဆိုင်သည့် စည်ပင်သာယာရေးအဖွဲ့နှစ်ဖွဲ့ သို့မဟုတ် နှစ်ဖွဲ့ထက်ပိုသောအဖွဲ့များသည် တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။

၂၀၇။ စည်ပင်သာယာရေးကော်မတီသည် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် လုပ်ငန်းများနှင့် ဆက်နွယ်သော အခြားအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခု၏ လုပ်ငန်းဆောင်ရွက်မှုအရ ကောက်ခံရရှိသည့် အခွန်အခများ၊ ငွေဒဏ်များမှ သင့်လျော်သော အခွန်အခ အချိုးအစားနှင့် ငွေဒဏ်အချိုးအစားကို စည်ပင်သာယာရေးအဖွဲ့သို့ ခွဲဝေပေးစေရေးအတွက် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၂၀၈။ ကော်မတီသည် စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေများ၊ နည်းဥပဒေများအရ ဖွဲ့စည်းထားသော စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့ပိုင် ရန်ပုံငွေကို လည်းကောင်း၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို

Myanmar Law Information System (MLIS)

လည်းကောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆောင်ရွက်ပြီး လုပ်ငန်းများကိုလည်းကောင်း ရပိုင်ခွင့်နှင့် ပေးရန် တာဝန်များကို ဆက်ခံရမည်။

၂၀၉။ ကော်မတီသည် တိုင်းဒေသကြီးနယ်နိမိတ်အတွင်း ပုဂ္ဂလိကပိုင်၊ အစိုးရနှင့် ပုဂ္ဂလိက အကျိုးတူဖက်စပ်လုပ်ငန်းများဖြစ်သော မြေပေါ်မြေအောက် ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ အခွန်စည်းကြပ်ကောက်ခံနိုင်သည်။ ဆက်သွယ်ရေးတာဝါတိုင်များကို နှစ်စဉ်တန်ဖိုး၏ ငါးရာခိုင်နှုန်းထက်မပိုသော နှုန်းထားဖြင့် စည်းကြပ်ကောက်ခံနိုင်သည်။ ပုဂ္ဂလိကပိုင်၊ အစိုးရနှင့် ပုဂ္ဂလိက အကျိုးတူဖက်စပ်လုပ်ငန်းများဖြစ်သည့် လျှပ်စစ်သွယ်တန်းထားသော မီးတိုင်များ၊ လျှပ်စစ်ထရန်စဖော်မာများသည် လမ်းသွားလမ်းလာနှင့် လွတ်ကင်းပြီး လမ်းနယ်နိမိတ်အတွင်း တည်ဆောက်ထားပါက လမ်းမြေအသုံးပြုခ နှုန်းထားသတ်မှတ်၍ ကောက်ခံနိုင်သည်။

၂၁၀။ နိုင်ငံတော်ကာကွယ်ရေးနှင့် သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့်သတ်မှတ်သည့် အဆောက်အအုံများမှအပ အခြားနိုင်ငံပိုင် အဆောက်အအုံများဆောက်လုပ်ခြင်း၊ ဖျက်သိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနသည် ယင်းသို့ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်ကို သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးကော်မတီသို့ ကြိုတင် တင်ပြ၍ ခွင့်ပြုချက်ရယူရမည်။

၂၁၁။ ကော်မတီအဖွဲ့ဝင်၊ ကော်မတီက အခကြေးငွေဖြင့် ငှားရမ်းထားသူများ၊ ကော်မတီက စည်းကြပ်ထားသည့် အခွန်၊ အခ၊ အကောက်တို့ကို အရတောင်းခံသည့် ကိုယ်စားလှယ်အသီးသီးကို တာဝန်ထမ်းဆောင်စဉ်အတွင်း ပြည်သူ့ဝန်ထမ်းဟု မှတ်ယူရမည်။

၂၁၂။ မည်သူမဆို စည်ပင်သာယာရေးပြည်သူ့ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်းမရှိပါက အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် တရားစွဲဆိုနိုင်သည်။

၂၁၃။ (က) ဤဥပဒေအရ သတ်မှတ်ထားသည့် ပြစ်မှုများကို ကျူးလွန်ခဲ့ခြင်းအတွက် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ၎င်းကျူးလွန်သည့်ပြစ်မှုအတွက် ပြစ်ဒဏ်စီရင်ခြင်းခံရမည့်အပြင် ပျက်စီးဆုံးရှုံးမှုအတွက်ပါ လျော်ကြေးပေးဆောင်ရမည်၊

(ခ) ပြစ်မှုထင်ရှားစီရင်သည့်တရားရုံးသည် ပြစ်မှုကျူးလွန်သူကပေးဆောင်ရမည့် လျော်ကြေးငွေကိုပါ တစ်ပါတည်းသတ်မှတ်၍ ယင်းသို့ လျော်ကြေးပေးဆောင်ရန် အမိန့်ချမှတ်ခွင့်ရှိသည်။

၂၁၄။ စည်ပင်သာယာရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ တည်ဆဲနည်းဥပဒေများ၊ စည်းကမ်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များသည် ဤဥပဒေနှင့်မဆန့်ကျင်သရွေ့အတည်ဖြစ်စေရမည်။

၂၁၅။ ကော်မတီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲခံနိုင်ခွင့်ရှိစေရမည်။

၂၁၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်-

(က) အစိုးရအဖွဲ့သည် လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးသည် လိုအပ်သော လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများနှင့် အမိန့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

Myanmar Law Information System (MLIS)

(ဂ) ဝန်ကြီးသည် ထုတ်ပြန်သည့်နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို အနီးကပ်ဆုံးကျင်းပသော တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးကာလအတွင်း လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေရမည်။

၂၁၇။ ဤဥပဒေဖြင့် အောက်ဖော်ပြပါ ဥပဒေ (၄) ခုအား ရုပ်သိမ်းလိုက်သည်-

(က) ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၂၁ ရက် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၉၊ စစ်ကိုင်း တိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေ၊

(ခ) ၂၀၁၃ ခုနှစ်၊ မတ်လ ၃၁ ရက်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁၅၊ စစ်ကိုင်းတိုင်း ဒေသကြီးစည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊

(ဂ) ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၂၄၊ စစ်ကိုင်းတိုင်းဒေသကြီးအဆောက်အအုံနှင့် မြေခွန်၊ ရေခွန်၊ လမ်းမီးခွန်၊ ဘီးခွန် စသည့် စည်ပင် သာယာရေးဆိုင်ရာ အခွန်၊ အခများဥပဒေ၊

(ဃ) ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၂၇၊ စစ်ကိုင်း တိုင်းဒေသကြီးဝန်ဆောင်မှုလုပ်ငန်းများဥပဒေ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)မြင့်နိုင်

ဝန်ကြီးချုပ်

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

Myanmar Law Information System (MLIS)